ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ စနေနေ့။ Saturday, 19 September 2026 ၁၂၃၀၆

## လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ–၁၇၀)

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၈

ယနေ့ မွန်းလွဲ ၃ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၌ စက်တင်ဘာ ၁၉ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## သဲကုန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

သဲကုန်း စက်တင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်း ယနေ့နံနက်ပိုင်းက ကန်နှစ်ဆင့်အုပ်စု ရွာသာယာကျေးရွာ သစ္စိန်ကုန်းတောင်ကွင်း တောင်သူ ဦးသောင်းရွှေ၏ ရေဆင်းပေါ်ဆန်းမျိုးစပါး မိုးစပါးစံပြကွက် သုည ဒသမ ၁၀ စံကွက်ရိတ်သိမ်းခြင်းဆောင်ရွက်ခဲ့ရာ အစိုတင်း ၉၆ ဒသမ ၉၅ တင်း၊ အခြောက်တင်း ၈၇ ဒသမ ၂၆ တင်း ထွက်ရှိသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ နတ်တလင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖






ဖလမ်းမြို့သို့ ပြန်လည်ရောက်ရှိလာသည့် ဒေသခံပြည်သူများအား အချက်အလက်ကောက်ယူမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

## ဖလမ်းမြို့သို့ ဒေသခံပြည်သူများ နေ့စဉ် ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိ ဖလမ်းမြို့ပေါ် လူဦးရေ၏ ၂၁ ဒသမ ၆၄ ရာခိုင်နှုန်း ပြန်လည်နေထိုင်နေပြီဖြစ်

ဖလမ်း စက်တင်ဘာ ၁၈

ဖလမ်းမြို့ကို တပ်မတော်က ထိန်းချုပ်ပြီး ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများသည် မေ ၆ ရက်မှစတင်ကာ နေရပ်သို့ နေ့စဉ်ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့်အပြင် ဌာနဆိုင်ရာရုံးများသည် ပုံမှန်လည်ပတ်လျက်ရှိကာ ဖလမ်းမြို့ပေါ် လူဦးရေ၏ ၂၁ ဒသမ ၆၄ ရာခိုင်နှုန်း ပြန်လည်နေထိုင်နေပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

### ယနေ့ ဖတ်စရာ

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စားလှယ်များ တွေ့ဆုံပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ စာမျက်နှာ » ၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ တရုတ်-အာဆီယံ ဉာဏ်ရည်တုနည်းပညာဆိုင်ရာဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ စာမျက်နှာ » ၇

Korea - Myanmar Association for Economic & Security Studies စတင်ဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ် စီးပွားရေးဖိုရမ် ကျင်းပ စာမျက်နှာ » ၈

မြေထုချပ်များရွေ့လျားမှုကြောင့် လှုပ်ရှားနေသော ငလျင်ဘေးအန္တရာယ် ဆောင်းပါး စာမျက်နှာ » ၆

ကြံအထွက်နှုန်း ရေရှည်တည်တံ့ဖို့ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ မျှတစွာအသုံးပြုကြစို့ ဆောင်းပါး စာမျက်နှာ » ၁၆

## ရန်ကုန်တိုင်းဒေသကြီးအတွင်း နို့စားနွားကောင်ရေ ၂၂၀၀၀ ကျော် မွေးမြူထားပြီး မင်္ဂလာဒုံမြို့နယ်မှ နို့နှင့်နို့ထွက်ပစ္စည်း အများဆုံးထုတ်လုပ်ဖြန့်ဖြူးပေးနေ



ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီးအတွင်း နို့စားနွားကောင်ရေ ၂၂၀၀၀ ကျော် မွေးမြူထားပြီး မင်္ဂလာဒုံမြို့နယ်၌ နို့စားနွား အများဆုံးမွေးမြူထားကာ နို့နှင့်နို့ထွက်ပစ္စည်းအများဆုံး ထုတ်လုပ်ဖြန့်ဖြူးပေးနေကြောင်း သိရသည်။

ထိုသို့ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် တိုင်းဒေသကြီးအတွင်းရှိ စီးပွားဖြစ် နို့စားနွားမွေးမြူရေးခြံ ၂၅၅ ခြံ၌ နို့စားနွား ၁၁၆၇၉ ကောင်

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❒

# ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေး သဘောထားအမြင်များဆွေးနွေး

နိုင်ငံတော်အစိုးရနှင့် တပ်မတော်သည် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ငြိမ်းချမ်းရေးတံခါးကို အစဉ်အမြဲဖွင့်လှစ်ကြိုဆိုလျက်ရှိသည်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေးအတွက် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် မပြတ်ထိတွေ့၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အဖွဲ့အလိုက် ညှိနှိုင်းဆွေးနွေးပြီး သဘောတူညီချက်များကို တည်ဆောက်လျက်ရှိသည်။ ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ရန်အတွက် နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ စက်တင်ဘာလ ၁၇ ရက်နေ့က အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့ ၃၂ ပါတီမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် နေပြည်တော်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

နိုင်ငံရေးပါတီများသည် ပြည်သူလူထုကိုကိုယ်စားပြုသည့် အဖွဲ့အစည်းများဖြစ်၍ ပြည်သူလူထု၏သဘောထားအမြင်များ၊ နိုင်ငံရေးပါတီများ၏ သဘောထားများဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ပေးနိုင်သည့် အဖွဲ့အစည်းများဖြစ်သည်။ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးမှုသည် ဒုတိယအကြိမ်ဖြစ်ပြီး ယခင်ဆွေးနွေးရန် သဘောတူညီထားသည့် ဆွေးနွေးချက်များကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။ လက်နက်ကိုင်အဖွဲ့အစည်းများ တရားဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်ရန် နိုင်ငံရေးပါတီများအနေဖြင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးနိုင်မည့်နည်းလမ်းများ၊ NCA လက်မှတ်ရေးထိုးပြီး အကြောင်းအမျိုးမျိုးကြောင့် ကင်းကွာသွားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိနိုင်ရေး နိုင်ငံရေးပါတီများက ကူညီဆောင်ရွက်ပေးနိုင်မည့်နည်းလမ်းများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများတွင် တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိရေးအတွက် အဆိုပါဒေသများတွင်နေထိုင်ကြသည့် နိုင်ငံရေးပါတီများက ငြိမ်းချမ်းရေးဖြစ်ထွန်းစေမည့် နည်းလမ်းများကို ပိုမိုသိရှိနားလည်ကြသည်။ ယခင်ဆွေးနွေးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပဋိပက္ခဖြစ်ပွားလျက်ရှိသောဒေသများတွင်ရှိသည့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသူများ မူလနေရပ်တွင် အေးချမ်းစွာပြန်လည်နေထိုင်နိုင်ရေးတို့ကို ဆွေးနွေးအဖြေရှာနိုင်ကြမည်ဖြစ်သည်။

ယခင်အတွေ့အကြုံနှင့် အောင်မြင်မှုများအပေါ်အခြေခံပြီး လက်ရှိနိုင်ငံရေးအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ပိုမိုချိတ်ဆက်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ မူဘောင်၊ အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဦးတည်ချက်၊ အသွင်ကူးပြောင်းရေးမဟာဗျူဟာနှင့် ယုံကြည်မှုတည်ဆောက်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ နိုင်ငံရေးပါတီ ၃၂ ပါတီမှ ကိုယ်စားလှယ်များသည် ယခင်လက်မှတ်ရေးထိုးခဲ့သည့်ကိစ္စများ၊ ငြိမ်းချမ်းရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ငြိမ်းချမ်းရေးစကားဝိုင်းများ ဆောင်ရွက်နိုင်မှု၊ မီဒီယာများ၏အခန်းကဏ္ဍ၊ အငြင်းပွားမှုများကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်မှု၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပါဝင်လာနိုင်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)မှ ပြင်ဆင်ဆောင်ရွက်နိုင်သည့်အချက်များ၊ ပြည်သူလူထုအား အသိပညာပေးဆောင်ရွက်နိုင်မည့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ ငြိမ်းချမ်းရေးသည် မြန်မာနိုင်ငံအတွက် အရေးအကြီးဆုံးလုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး နှစ်ပေါင်းရှည်ကြာလာခဲ့ပြီးဖြစ်သော မငြိမ်းချမ်းသောဆိုးမွေများကို ပြည်ထောင်စုကြီးနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံး ခံစားနေကြရသည်။ ထို့ကြောင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် တိုင်းရင်းသားပြည်သူအားလုံးလိုလားသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုတစ်ရပ်လုံး တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးပပထွန်း ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၆ ပညာသင်နှစ် အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များအား အောက်ပါအတိုင်း ကြေညာလိုက်သည်-

| သင်တန်း | | စာမေးပွဲဖြေဆိုမည့်ရက် |
|---|---|---|
| ပထမအသုတ် အဝေးသင်သိပ္ပံအထူးပြုဘာသာရပ်များ အားလုံး | - | ၁-၁၀-၂၀၂၆ မှ ၇-၁၀-၂၀၂၆ ထိ |
| ဒုတိယအသုတ် အဝေးသင်ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ) | - | ၂၂-၁၀-၂၀၂၆ မှ ၃၀-၁၀-၂၀၂၆ ထိ |
| တတိယအသုတ် အဝေးသင်ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | - | ၁၆-၁၁-၂၀၂၆ မှ ၂၅-၁၁-၂၀၂၆ ထိ |

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## (၁၈-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅.၆ ~ ၃၆၆၆.၉ | ၅၅၈.၁ ~ ၅၅၈.၃ | ၁၂၅.၄ ~ ၁၂၅. | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၈၉၅,၂၉၃.၃၅ | ၃၀,၇၅၇,၆၀၅.၀၀ | ၄၀,၄၂၇,၃၈၁.၅၃ | - |

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၈ - ၉ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၅၀၀ | ၁၈,၅၀၀ | ၂၅၅ | ၄,၇၂၀,၀၀၀ |
| MTSH | ၈,၆၀၀ | ၈,၇၀၀ | ၂,၃၀၂ | ၁၉,၈၀၈,၇၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၀၀၀ | ၉၇၄ | ၁၂,၆၆၂,၀၀၀ |
| FPB | ၆,၉၀၀ | ၆,၆၀၀ | ၂၉ | ၁၉၄,၉၀၀ |
| TMH | ၃,၂၅၀ | ၃,၂၅၀ | ၃၈၃ | ၁,၂၄၄,၇၅၀ |
| EFR | ၁,၈၀၀ | ၁,၈၅၀ | ၁,၃၀၅ | ၂,၄၁၁,၃၅၀ |
| AMATA | ၄,၃၀၀ | ၄,၃၀၀ | ၅ | ၂၁,၅၀၀ |
| MAEX | ၆,၇၀၀ | ၆,၇၀၀ | ၆၃၉ | ၄,၂၇၂,၉၀၀ |
| MADPL(PLB) | ၆,၄၀၀ | ၆,၄၀၀ | ၄,၀၀၀ | ၂၅,၆၀၀,၀၀၀ |
| ASPGB(PLB) | ၅,၄၀၀ | ၅,၆၀၀ | ၁၆,၃၄၈ | ၈၈,၈၃၂,၃၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ဝ၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ဝ၆၇-၃၆၁၂၈၊ ဝ၆၇-၃၆၁၃၀၊ ဖက်စ် ဝ၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးထင်ကျော် ... )*

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)*

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စားလှယ်များ တွေ့ဆုံပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် နိုင်ငံရေးပါတီများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းနိုင်ရန် ရည်ရွယ်၍ နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၀) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။



တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင်၊ နိုင်ငံရေးပါတီများအစုအဖွဲ့ ၃၂ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က NSPNC နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးမည့် အခြေအနေများ၊ ဆွေးနွေးညှိနှိုင်းမည့် အကြောင်းအရာကိစ္စများ၊ ရှေ့ဆက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့အတူ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း(ငြိမ်း)က နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ရွေးချယ်မည့်ကိစ္စ၊ မဲပေးရွေးချယ်မည့်အစီအစဉ်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများ အစုအဖွဲ့ ၃၂ ပါတီမှ ကိုယ်စားလှယ်များက မဲပေးရွေးချယ်မည့် အစီအစဉ်နှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ရွေးချယ်ရေးသဘာပတိအဖွဲ့အား ဖွဲ့စည်းပြီး နိုင်ငံရေးပါတီများအစုအဖွဲ့၏ အမြဲတမ်းအလုပ်အဖွဲ့ ၁၆ ဦးအတွက် တက်ရောက်လာသည့် နိုင်ငံရေးပါတီကိုယ်စားလှယ်များက မဲပေးရွေးချယ်ကြကာ နိုင်ငံရေးပါတီများ အစုအဖွဲ့၏အလုပ်အဖွဲ့ ရွေးချယ်ရေးသဘာပတိအဖွဲ့က နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အမြဲတမ်းအလုပ်အဖွဲ့ ကိုယ်စားလှယ် ၁၆ ဦးနှင့် အလှည့်ကျကိုယ်စားလှယ် ၁၆ ဦး ရွေးချယ်ထားမှုကို အတည်ပြုပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာသူများက နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့နှင့် ဆက်လက်တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်နိုင်မည့်နည်းလမ်းများ၊ ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများအား ယခင်ပုံစံအတိုင်း ပြန်လည်ရောက်ရှိနိုင်ရေး၊ အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၊ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအကြား ဆက်ဆံရေး၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် မပါဝင်လာသေးသည့် အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုမြှင့်တင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ၊ Bilateral တွေ့ဆုံဆွေးနွေးပြီး Ceasefire အား ဖော်ဆောင်နိုင်ရေးကိစ္စတို့ကို အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာ ဆွေးနွေးချက်များမှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီများ၏အခန်းကဏ္ဍ၊ Ceasefire နှင့် Political Dialogue တို့၏ ဆက်သွယ်မှု၊ ဒေသခံပြည်သူများ၏လုံခြုံရေးနှင့် လူမှုစီးပွားလိုအပ်ချက်များ၊ ငြိမ်းချမ်းရေးအခန်းကဏ္ဍတွင် အမျိုးသမီးများ၏ ပါဝင်နိုင်မှု၊ ယခင်ငြိမ်းချမ်းရေးယန္တရားမှ အတွေ့အကြုံရှိသူများအား ပြန်လည်အသုံးချနိုင်ရေး၊ နိုင်ငံတကာနှင့် သံတမန်ရေးရာ ဆက်ဆံမှုဆိုင်ရာများ၊ လက်ရှိပဋိပက္ခအတွင်းပေါ်ပေါက်လာသည့် လက်နက်ကိုင်အဖွဲ့သစ်များနှင့်ဆက်သွယ်နိုင်မည့် နည်းလမ်းများကို ပြန်လည်သုံးသပ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါက်တာအောင်မြတ်ဦးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❍ ရှေ့ဖုံးမှ**

ယမန်နေ့ကလည်း ဖလမ်းမြို့သို့ ပြန်လည်ရောက်ရှိလာသည့် ဒေသခံပြည်သူများကို ဒုတိယဝန်ကြီးနှင့်အဖွဲ့က ကျင်မွှာလ်ရပ်ကွက် လွတ်လပ်ရေးစေတီ၌ ကြိုဆိုကြသည်။

ဆက်လက်၍ သက်ဆိုင်ရာဌာနဆိုင်ရာများက နေရပ်ပြန်လာသူ ဒေသခံပြည်သူ ၁၁၁ ဦးအား အချက်အလက်ကောက်ယူမှုကို ကြည့်ရှုအားပေးပြီး ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယနေ့တွင် ဖလမ်းမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရှုလွယ်ခန်းမ၌ အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပုံပြင်ပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ဖလမ်းမြို့ပေါ်ကျောင်းများမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၅၉ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ကျောင်းသား ကျောင်းသူများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ချင်းပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

**ဆောင်ရွက်လျက်ရှိ**

ပြိုင်ပွဲအပြီးတွင် မြို့ပြနှင့်အိုးအိမ်ဦးစီးဌာန လေးခန်းတွဲ နှစ်ထပ်အိမ်ရာနှစ်လုံး ပြုပြင်နေမှု၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဖလမ်းမြို့တွင် အခြေခံအဆောက်အအုံ ပြုပြင်ခြင်းလုပ်ငန်းများ၊ နေရပ်ပြန်ပြည်သူများအား ကူညီထောက်ပံ့ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

**❐ ရန်ကုန်တိုင်းဒေသကြီးမှ**

မွေးမြူထားပြီး ကျန်သော တစ်ပိုင်တစ်နိုင်မွေးမြူသည့် နို့စားနွားများဖြင့် စုစုပေါင်း နို့စားနွားကောင်ရေ ၂၂၃၇၄ ကောင် မွေးမြူထားသည်။

မင်္ဂလာဒုံမြို့နယ်အတွင်း စီးပွားဖြစ်မွေးမြူရေးခြံ ၅၇ ခြံ၌ နို့စားနွားကောင်ရေ ၃၅၅၇ ကောင်နှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးခြံ ၁၁၈ ခြံ၌ နို့စားနွား ၈၉၇ ကောင်ဖြင့် စုစုပေါင်းကောင်ရေ ၄၄၅၄ ကောင် မွေးမြူထားသည်။

**နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးလျက်ရှိ**

တိုင်းဒေသကြီးအတွင်း နို့နှင့်နို့ထွက်ပစ္စည်း တန်ဖိုးမြှင့်ထုတ်လုပ်သည့် လုပ်ငန်း ၁၂ ခုရှိပြီး အကြီးစားလုပ်ငန်းလုပ်ကိုင်ကြသည့် မွေးမြူရေးခြံခုနစ်ခြံက နို့နှင့်နို့ထွက်ပစ္စည်းများ နေ့စဉ်ထုတ်လုပ်၍ ရန်ကုန်မြို့ပြနှင့် နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးလျက်ရှိသည်။ မင်္ဂလာဒုံမြို့နယ်မှ တစ်ရက်လျှင် နွားနို့ပိဿာ ၈၀၀၀ ခန့်ထုတ်လုပ်၍ TM၊ အားမာန်၊ ငွေစင်ပုလဲ၊ Walco စသည့် နို့နှင့်နို့ထွက်ပစ္စည်းလုပ်ငန်းများမှ တစ်ရက်လျှင် နွားနို့ပိဿာ ၆၁၀၀ အသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်သည့် အသင့်သောက်နွားနို့ (Pasteurized milk) ပိဿာ ၃၁၉၀၊ ဒိန်ချဉ် ပိဿာ ၁၀၄၀၊ နို့စိမ်း ပိဿာ ၁၇၂၀၊ ထောပတ် ပိဿာ ၃၀၊ ပူတင်း ပိဿာ ၆၀ နှင့် နွားနို့ယို ပိဿာ ၆၀ ထုတ်လုပ်ကာ နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

**သတင်း-ဥသာ၊ ဓာတ်ပုံ-ကိုလွင်**

---

**❖ သဲကုန်းမြို့နယ်မှ**

သဲကုန်းမြို့နယ်အတွင်း ၂၀၁၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် အောင်နိုင်တိုး ဧက ၅၄၀၊ YAR-14 ဧက ၈၃၀၊ ထိုင်းနံ့ကောက် ၁၁၆၂ ဧက၊ မှော်ဘီ(၂) ၁၁၀၀၆ ဧက၊ ရက်(၉၀) ၁၁၂၄၃ ဧက၊ ရတနာတိုး ၂၇၃၄၂ ဧက၊ အင်းမရဲဘော် ၈၄၆၃ ဧက၊ ဗီယက်နမ် ဧက ၁၁၅၆၀ စုစုပေါင်း ဧက ၈၂၆၁၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့ ရွှေထွဋ်တင်(Hexagon Complex) ၌ ဂဏေရှ်ပွဲတော် ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၈**

ဂဏေရှ်ပွဲတော် (ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုနှင့် လူမှုအသိုက်အဝန်းပွဲတော်) ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ရွှေထွဋ်တင် (Hexagon Complex) ၌ ကျင်းပသည်။

ပွဲတော်တွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး H. E. Mr. Abahay Thakur က အမှာစကားပြောကြားပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဧည့်သည်တော်များက ဆုတောင်းမေတ္တာပို့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယနေ့ ကျင်းပသည့်ပွဲတော်သည် မြန်မာနိုင်ငံရှိ ဟိန္ဒူ ဘာသာဝင်များအတွက် ဘာသာရေးနှင့် ယဉ်ကျေးမှု အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းနိုင်သည့် အခမ်းအနားကောင်းတစ်ရပ်ဖြစ်ကြောင်း၊ ယနေ့ အခမ်းအနားမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းရှိ ဘာသာပေါင်းစုံနှင့် လူမျိုးပေါင်းစုံအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် စည်းလုံးညီညွတ်မှုများ ပိုမိုတိုးတက်ခိုင်မာစေပါကြောင်း ပြောကြားပြီး အိန္ဒိယယဉ်ကျေးမှုအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး နီကာရာဂွါ သမ္မတနိုင်ငံ၏ (၂၀၅) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲတက်ရောက်

**ရန်ကုန် စက်တင်ဘာ ၁၈**



နီကာရာဂွါ သမ္မတနိုင်ငံ၏ (၂၀၅) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia နှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ တက်ရောက်လာကြသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် နီကာရာဂွါသမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါနိုင်ငံ သံအမတ်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မြစ်ကြီးနားမြို့နယ်၌ မြို့နယ်သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ စည်းဝေး

**မြစ်ကြီးနား စက်တင်ဘာ ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၌ ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပသည်။

ကချင်ပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးက အမှာစကားပြောပြီး အမှုဆောင်များက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အမှုဆောင်အစီရင်ခံစာ ဖတ်ကြားတင်သွင်းသည်။ ထို့နောက် အခြေခံသမဝါယမအသင်းများ၏ ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းများနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ အတည်ပြုခြင်းတို့ ဆောင်ရွက်ခြင်းနှင့် သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်အညီ အမှုဆောင်အဖွဲ့များရွေးချယ် ပြန်လည်ဖွဲ့စည်းခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၁၈**

(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ ကွပ်ကဲရေးမှူးရဲမှူးချုပ် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများသည် ယနေ့တွင် မန္တလေးမြို့ အမှတ်(၁) စစ်မြေပြင်ဆေးတပ်ရင်း၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းမှုကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးတို့က သွားရောက်ကြည့်ရှုအားပေးပြီး သွေးအလှူရှင်များကို ချီးမြှင့်ငွေနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဇလွန်မြို့နယ်၌ ယူရီးယားဓာတ်မြေဩဇာနှင့် ဆောင်းနှေကြာမျိုးစေ့ ပေးအပ်ပွဲကျင်းပ

**ဇလွန် စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား ဒုတိယအကြိမ် MPE ယူရီးယားဓာတ်မြေဩဇာနှင့် ဆောင်းနှေကြာမျိုးစေ့ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက ဓာတ်မြေဩဇာ ဖြန့်ဖြူးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူများက မိုးစပါးစိုက်တောင်သူများအား MPE ယူရီးယားဓာတ်မြေဩဇာနှင့် ဆောင်းနှေကြာမျိုးစေ့များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဇလွန်(ပြန်/ဆက်)**



## သာစည်မြို့၌ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး



**သာစည် စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်မီးသတ်ဦးစီးဌာနက မြို့ပေါ်ရှိ ကေတီဗွီဆိုင်များ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်းများကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဒေတပ်ဖွဲ့ဝင်များက မြို့ပေါ်ရှိ ကေတီဗွီဆိုင်များ၌ မီးသတ်ဆေးဘူးထားရှိမှုများ၊ မီးသတ်ရေလှောင်ကန်များ၊ ရေပိုက်များနှင့် တပ်ဆင်ထားသော မီးဘေးလုံခြုံရေးစနစ်များကောင်းမွန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# လွှတ်တော်ကိုယ်စားလှယ်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

တတိယအကြိမ် ပြည်ထောင်စုအဆင့် လွှတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ကျန်းမာရေးနှင့် အစားအသောက်စစ်ဆေးရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဆွေးနွေးမှာကြား**

အစည်းအဝေးတွင် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ကျန်းမာရေးနှင့် အစားအသောက်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက လွှတ်တော်ကိုယ်စားလှယ်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားရှိပြီးဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်များ လိုအပ်ပါက ဆေးကုသမှုခံယူနိုင်ရေး၊ အစားအသောက်များ ကျန်းမာရေးနှင့် ညီညွတ်စေရေး၊ ကူးစက်ရောဂါများကာကွယ်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို လွှတ်တော်အဆောက်အအုံနှင့် တည်းခိုနေထိုင်ရာနေရာများတွင် လွှတ်တော်မကျင်းပမီမှစတင်၍ ကျင်းပစဉ်တစ်လျှောက် လုပ်ငန်းအဖွဲ့အလိုက် စနစ်တကျ ပုံမှန်ဆောင်ရွက်နိုင်ရန်၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများကို လိုအပ်သည့်အချိန်တွင် ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအား ကျန်းမာရေးစစ်ဆေးခြင်း (Medical Check-up)နှင့် လိုအပ်သောကာကွယ်ဆေးထိုးနှံခြင်းတို့ကို ဆောင်ရွက်ပေးရန်၊ လုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေးအတွက် လုပ်ငန်းအဖွဲ့အလိုက် Checklist များဖြင့် ဆောင်ရွက်ရန်၊ အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရန်နှင့် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီတင်ပြကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အစားအသောက်စစ်ဆေးရေးကော်မတီ အတွင်းရေးမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို တင်ပြပြီး ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ရေကောင်းရေသန့်သုံးစွဲရေးနှင့် အစားအစာကြီးကြပ်မှုလုပ်ငန်းအဖွဲ့၊ ကူးစက်ရောဂါနှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းအဖွဲ့များမှ အဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့ပြင် ကျန်းမာရေးနှင့် အစားအသောက်စစ်ဆေးရေးကော်မတီအဖွဲ့ဝင် ဌာနများအလိုက် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာန၏ (၂၅) ကြိမ်မြောက် စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**




ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာနသည် အရှေ့တောင်အာရှဒေသ၏ သမိုင်းအမွေအနှစ်များနှင့် မတူကွဲပြားသည့် ယဉ်ကျေးမှုရိုးရာများကို ထိန်းသိမ်းစုဆောင်းလျက် ရှိပါကြောင်း၊ ပညာရှင်များ၊ သုတေသီများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားလူငယ်များအကြား အသိပညာနှင့် အတွေးအမြင်များ ဖလှယ်နိုင်သည့်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့သည့်အပြင် ဒေသတွင်းကွန်ရက်ချိတ်ဆက်မှုနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာစေရန် အထောက်အကူပြုခဲ့ကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပြောကြားသည်။

ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန၏ (၂၅) ကြိမ်မြောက် စီမံခန့်ခွဲရေးအဖွဲ့ (SEAMEO CHAT 25th Governing Board Meeting) အစည်းအဝေးတွင် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အတူ ဆီမီယိုအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး Ms. Pnitip Iamnirath က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် ဌာန၏ ဆောင်ရွက်ပြီးလုပ်ငန်းများကို ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခြင်း၊ အကြံပေးဆုံးဖြတ် အတည်ပြုခြင်းများကို ဆောင်ရွက်ကြသည်။

အစည်းအဝေးသို့ ဆီမီယိုအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ ဘရူနိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ စီမံခန့်ခွဲရေးအဖွဲ့ဝင်များက in person တက်ရောက်ကြပြီး ကမ္ဘောဒီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ စီမံခန့်ခွဲရေးအဖွဲ့ဝင်များက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးနဲမြို့နယ် သမဝါယမအသင်း အမှုဆောင်အသစ်ရွေးချယ်ပွဲကျင်းပ

**မိုးနဲ စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအသစ်ရွေးချယ်ခြင်းကို မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး ရွေးချယ်ခံရသော အသင်းအမှုဆောင်နှင့် အသင်းသားစာရင်းစစ်များအား အတည်ပြုပေးသည်။

ဆက်လက်၍ ရွေးချယ်ခံရသော အသင်းသားအမှုဆောင်နှင့် အသင်းသားစာရင်းစစ်များ၏ တာဝန်ခွဲဝေသတ်မှတ်ခြင်း အသင်းစုချုပ်သို့စေလွှတ်မည့် ကိုယ်စားလှယ်အမည်စာရင်း အတည်ပြုခြင်းနှင့် သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ**



# ကလေးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ကလေး စက်တင်ဘာ ၁၈**

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ကလေးခရိုင် ကလေးမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် နိုင်ငံသား စိစစ်ရေးကတ်နှင့် UID များပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကလေးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်း ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်စိုး ဦးဆောင်သည့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်း၊ စိစစ်ခြင်းနှင့် UID ကတ်ထုတ်ပေးခြင်းဆိုင်ရာလုပ်ငန်းများ နေ့ချင်းပြီး ဆောင်ရွက် ပေးနေမှုများကို ကလေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ ကလေးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



# ဝမ်းတွင်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး

**ဝမ်းတွင်း စက်တင်ဘာ ၁၈**

ဝမ်းတွင်းမြို့နယ် မီးသတ်ဦးစီးဌာနက နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းတွင် ဝမ်းတွင်းမြို့မဈေးအတွင်း ဖြန့်ဝေခဲ့သည်။



**အသိပညာပေး**

ဝမ်းတွင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးထွန်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့်အတူ ဝမ်းတွင်းမြို့မဈေး၌ ပွင့်လင်းရာသီကာလတွင် စတင်ဖြစ်ပွားလေ့ရှိသည့် မီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့များ မဖြစ်ပွားစေရေး၊ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့အန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေကာ ပြည်သူများအနေဖြင့် အမှိုက်များကို မီးမရှို့ကြရန်နှင့် စနစ်တကျ စွန့်ပစ်ကြရန် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြေထုချပ်များရွေ့လျားမှုကြောင့် လှုပ်ရှားနေသော ငလျင်ဘေးအန္တရာယ်

**လူသားတို့နေထိုင်ရာကမ္ဘာမြေကြီးသည် မြေထုချပ်အသီးသီးနှင့် ဖွဲ့စည်းတည်ဆောက်ထားပြီး အဆိုပါမြေထုချပ်များသည် အချိန်တိုင်း ရွေ့လျားနေခြင်းကြောင့် ကမ္ဘာတစ်ဝန်း ငလျင်များ အချိန်တိုင်း ငလျင်ဗဟိုချက်တည်နေရာ၊ ပမာဏတို့ မတူညီဘဲလှုပ်ရှားနေရခြင်း ဖြစ်ပါသည်။**

**ဒေါက်တာယဉ်မျိုးမင်းထွေး**
**(မိုး/ဇလ)**

ငလျင်လှုပ်ရှားမှု သက်ရောက်ခြင်းသည် နယ်နိမိတ်ကန့်သတ်ခြင်းမရှိဘဲ နယ်မြေချင်း ထိစပ်နေသော နိုင်ငံများအထိ သက်ရောက်နိုင်သကဲ့သို့ မြေထုချပ်တစ်ခုတွင် အင်အားပြင်းငလျင်ကြီးများ လှုပ်ရှားပါက အဆိုပါမြေထုချပ်တွင် လှုပ်ရှားသော ငလျင်၏အရှိန်ကြောင့် အခြားထိစပ်နေသည့် မြေထုချပ်များတွင်လည်း ငလျင်လှုပ်ရှားမှုဖြစ်ပေါ်နိုင်ပါသည်။ ငလျင်သည် အချိန်မရွေးဖြစ်ပေါ်နိုင်သော သဘာဝဘေးတစ်မျိုးဖြစ်၍ ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်ပါသည်။




မြေထုချပ်များ တည်ရှိနေပုံ။

ကမ္ဘာမြေကြီးတွင် မြေထုချပ်ဟုခေါ်သော Plate များ တည်ရှိနေပြီး ယူရေးရှားမြေထုချပ်၊ မြောက်အမေရိကမြေထုချပ်၊ တောင်အမေရိကမြေထုချပ်၊ ပစိဖိတ်မြေထုချပ်၊ အာဖရိကမြေထုချပ်၊ အိန္ဒိယ-ဩစတြေးလျမြေထုချပ်၊ အန္တာတိကမြေထုချပ်၊ အာရေဗျမြေထုချပ်၊ ကာရေဗီယန်မြေထုချပ်၊ ကိုကိုးမြေထုချပ်၊ နက်ဇခါမြေထုချပ်၊ ဖိလစ်ပိုင်မြေထုချပ်နှင့် ဆိုမာလီမြေထုချပ်တို့ ပါဝင်ဖွဲ့စည်းထားပါသည်။

မြေထုချပ်များသည် အချိန်တိုင်း ပုံမှန်ရွေ့လျားနေခြင်းဖြစ်ပြီး တစ်ခါတစ်ရံရွေ့လျားနေစဉ် အချိန်အတွင်း မြေထုချပ်များသည် ပြုတ်ကျသွားခြင်း၊ ချော်ထွက်သွားခြင်းများ ဖြစ်ပေါ်သည့်အခါ ငလျင်လှုပ်ရှားမှုများ ဖြစ်ပေါ်ရပါသည်။ ထိုသို့ ငလျင်လှုပ်ရှားမှုတွင် ငလျင်ပမာဏ အနည်းအများအပေါ်မူတည်၍ အခြားဆက်စပ်မြေထုချပ်များအပေါ် သက်ရောက်မှုသည် အနည်းအများ ကွာခြားနိုင်ပါသည်။ သက်ရောက်မှုများပါက ဆက်စပ်မြေထုချပ်၌ တည်ရှိသည့် နိုင်ငံများတွင်လည်း များသောအားဖြင့် ငလျင်လှုပ်ရှားမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ အချို့အချိန်များတွင် မလှုပ်ရှားသည်များလည်း ရှိနိုင်ပါသည်။

### ငလျင်၊ ဆူနာမီနှင့် မီးတောင်ပေါက်ကွဲမှုများ မကြာခဏတွေ့ကြုံနေရသောနိုင်ငံများ

ပစိဖိတ်မီးကွင်း(Ring of Fire) ရှိ ဂျပန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့သည် နယ်နိမိတ်ဆက်စပ်နေသည့် နိုင်ငံများဖြစ်ပြီး အဆိုပါဒေသများသည် ငလျင်၊ ဆူနာမီနှင့် မီးတောင်ပေါက်ကွဲမှုများ မကြာခဏတွေ့ကြုံနေရသော နိုင်ငံများဖြစ်ပါသည်။ ပစိဖိတ်မီးကွင်း (Ring of Fire) သည် ကမ္ဘာပေါ်တွင် ငလျင်လှုပ်ရှားမှုနှင့် မီးတောင်ပေါက်ကွဲမှု အများဆုံးဖြစ်ပွားရာ ဒေသဖြစ်ပြီး ကမ္ဘာ့ငလျင်စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့်သည် ဤနေရာတွင်လှုပ်ရှားခဲ့ပါသည်။

ပစိဖိတ်မီးကွင်းဒေသတွင် ငလျင်များ ပြင်းထန်စွာ လှုပ်ရှားရခြင်း၏ အဓိကအကြောင်းရင်းနှစ်ရပ်မှာ မြေထုချပ်ငုပ်လျှိုးဝင်ရောက်ခြင်းနှင့် ဘေးတိုက်ပြတ်ရွေ့များကြောင့် ဖြစ်ပါသည်။ ပစိဖိတ်မီးကွင်းဒေသ အနီးပတ်ဝန်းကျင်ရှိ အခြားမြေထုချပ်များ (ဥပမာ- မြောက်အမေရိက၊ ယူရေးရှား၊ အင်ဒို-ဩစတြေးလျ) သည် အောက်သို့ အရှိန်ဖြင့်တိုးဝင်ငုပ်လျှိုးနေခြင်းကြောင့်ငလျင်များလှုပ်ရှားနေရပါသည်။

အချို့ဒေသများတွင် မြေထုချပ်များသည် အောက်သို့တိုးဝင်ခြင်းမရှိဘဲ ဘေးတိုက် ရွေ့လျားနေကြပါသည်။ ဥပမာ- အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ရှိ San Andreas Fault သည် ပစိဖိတ်မီးကွင်း၏ ဘေးတိုက်ပြတ်ရွေ့အဖြစ် ထင်ရှားပြီး အပျက်အစီးများသော ငလျင်ပြင်းအားအလယ်အလတ်နှင့် အထက်ရှိသည့် ငလျင်များ လှုပ်ရှားလေ့ရှိပါသည်။ ပစိဖိတ်မီးကွင်းဒေသတွင် မြေထုချပ်များ ရွေ့လျားမှုကြောင့် မီးတောင်ပေါက်ကွဲမှုများ ဖြစ်ပေါ်သည်ကိုလည်း တွေ့ရပါသည်။

အဆိုပါဒေသတွင် လှုပ်ရှားသော ငလျင်အများစုသည် ပင်လယ်ရေအောက်ကြမ်းပြင်တွင် လှုပ်ရှားလေ့ရှိရာ မြေလွှာအထက်အောက် ရုတ်တရက်ရွေ့လျားသွားပါက ပင်လယ်ရေထုကို မြှောက်တင်လိုက်သကဲ့သို့ဖြစ်ပြီး ပြင်းထန်သော ဆူနာမီရေလှိုင်းကြီးများသည် ပစိဖိတ်သမုဒ္ဒရာတစ်လျှောက် ရိုက်ခတ်စေပါသည်။

မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဟိမဝန္တာဒေသတို့သည် ကမ္ဘာပေါ်တွင် ငလျင်လှုပ်ရှားမှုများပြီး ရှုပ်ထွေးသော မြေထုချပ်တိုးဝင်မှုများ ထိစပ်ရာဒေသတစ်ခုဖြစ်ပါသည်။ ဤဒေသ၏ ငလျင်လှုပ်ရှားမှု ဖြစ်ပေါ်ရခြင်းမှာ အိန္ဒိယမြေထုချပ် (Indian Plate)သည် ယူရေးရှားမြေထုချပ် (Eurasian Plate) နှင့် မြန်မာမြေထုချပ်ငယ် (Burma Micro-plate) တို့အောက်သို့ နှစ်စဉ် မြောက်ဘက်နှင့် အရှေ့မြောက်ဘက်သို့ တိုးဝင်နေခြင်းတို့ကြောင့် ဖြစ်သည်။ ဟိမဝန္တာဒေသတွင် အင်အားပြင်းငလျင်ကြီးများ လှုပ်ရှားလေ့ရှိသည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံ၏ ဘူမိဗေဒဆိုင်ရာ လက္ခဏာများအရ ငလျင်လှုပ်ရှားမှုများကို ဖြစ်ပေါ်စေနိုင်သော သက်ရှင်ပြတ်ရွေ့များအနက် စစ်ကိုင်းပြတ်ရွေ့သည် ထင်ရှားသော အဓိကပြတ်ရွေ့ကြီးတစ်ခုဖြစ်ပြီး စစ်ကိုင်းပြတ်ရွေ့တွင် ငလျင်လှုပ်ရှားမှုများ ဖြစ်ပေါ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ အိန္ဒိယမြေထုချပ်နှင့် ယူရေးရှားမြေထုချပ်တို့ တွန်းတိုက်တိုးဝင်နေမှုကြောင့် ဖြစ်ပါသည်။ စစ်ကိုင်းပြတ်ရွေ့တွင် လှုပ်ရှားသောငလျင်များသည် မြေအောက်ဗဟိုချက်အနက် တိမ်သောကြောင့် ပျက်စီးမှုများဖြစ်ပေါ်စေသော ငလျင်များကို လှုပ်ရှားနိုင်ပါသည်။

မြန်မာနိုင်ငံအနောက်မြောက်ပိုင်းရှိ ကဘော်ပြတ်ရွေ့သည်လည်း သက်ရှင်ပြတ်ရွေ့တစ်ခုဖြစ်ပြီး မြေအောက်ဗဟိုချက်အနက် အလယ်အလတ်ရှိသော ငလျင်များ လှုပ်ရှားလေ့ရှိသည်ကို တွေ့ရပါသည်။ အိန္ဒိယမြေထုချပ်သည် မြောက်ဘက်သို့ တိုးဝင်နေမှုနှင့် အရှေ့ဘက်သို့ တိုးဝင်နေမှုတို့ ပေါင်းစပ်မိသည့်အတွက် အလွန်ရှုပ်ထွေးသော ဖိအားများကို ဖြစ်ပေါ်စေပြီး ၁၈၉၇ ခုနှစ်တွင် ပမာဏ ၈ ဒသမ ၃ (M) ခန့်နှင့် ၁၉၅၀ ပြည့်နှစ်တွင် ပမာဏ ၈ ဒသမ ၆ (M) တို့ဖြင့် လှုပ်ရှားခဲ့သော အာသံငလျင်ကြီးများသည် ပျက်စီးမှုများရှိခဲ့ပြီး သမိုင်းဝင်အင်အားပြင်းငလျင်ကြီးများ ဖြစ်ခဲ့ပါသည်။

မြေထုချပ်များသည် အချိန်တိုင်းရွေ့လျားနေခြင်းကြောင့် ကမ္ဘာတစ်ဝန်း ငလျင်များအချိန်တိုင်း လှုပ်ရှားနေရခြင်းဖြစ်ပါသည်။ ငလျင်လှုပ်ရှားမှုသည် အင်အားပြင်းထန်ပြီး အခြားသောမြေထုချပ်များနှင့် ဆက်စပ်နေပါက အဆိုပါဆက်စပ်နေသည့် မြေထုချပ်တွင်လည်း လှုပ်ရှားမှုများဖြစ်ပေါ်နိုင်၍ ငလျင်လှုပ်ရှားမှု ဖြစ်ပေါ်နိုင်သည်ကို တွေ့ရသော်လည်း အချို့သောလှုပ်ရှားမှုများတွင် ဆက်စပ်၍ မဖြစ်ပေါ်နိုင်သည်များလည်း ရှိပါသည်။ သို့ဖြစ်ပါ၍ မြေထုချပ်တစ်ခုတွင် ငလျင်လှုပ်ရှားတိုင်း အခြားသော မြေထုချပ်များအား မသက်ရောက်နိုင်ကြောင်းနှင့် ငလျင်၏ ပြင်းအားနှင့် အခြားသော ဘူမိဆိုင်ရာအချက်အလက်များပေါ်တွင် မူတည်နေပါသည်။

ငလျင်သည် အခြားသော သဘာဝဘေးများကဲ့သို့ ဖြစ်လေ့ဖြစ်ထရှိသည့် အချိန်ကာလ ရာသီမရှိဘဲ အချိန်မရွေးဖြစ်ပေါ်နိုင်သော သဘာဝဘေးတစ်မျိုးဖြစ်ပြီး ကြိုတင်ခန့်မှန်း၍လည်း မရနိုင်သောကြောင့် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်ပြီး ငလျင်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။




ပစိဖိတ်မီးကွင်းဒေသ၏ တည်ရှိနေမှုပြမြေပုံ။

**❝မြန်မာနိုင်ငံ၏ ဘူမိဗေဒဆိုင်ရာ လက္ခဏာများအရ ငလျင်လှုပ်ရှားမှုများကို ဖြစ်ပေါ်စေနိုင်သော သက်ရှင်ပြတ်ရွေ့များအနက် စစ်ကိုင်းပြတ်ရွေ့သည် ထင်ရှားသောအဓိကပြတ်ရွေ့ကြီးတစ်ခုဖြစ်ပြီး စစ်ကိုင်းပြတ်ရွေ့တွင် ငလျင်လှုပ်ရှားမှုများ ဖြစ်ပေါ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ အိန္ဒိယမြေထုချပ်နှင့် ယူရေးရှားမြေထုချပ်တို့ တွန်းတိုက်တိုးဝင်နေမှုကြောင့် ဖြစ်ပါသည်။ စစ်ကိုင်းပြတ်ရွေ့တွင် လှုပ်ရှားသောငလျင်များသည် မြေအောက်ဗဟိုချက်အနက် တိမ်သောကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်စေသောငလျင်များကို လှုပ်ရှားနိုင်❞**




### ၁၈ - ၉ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ တရုတ်-အာဆီယံ ဉာဏ်ရည်တုနည်းပညာဆိုင်ရာဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

တရုတ်-အာဆီယံ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ပါဝင်တက်ရောက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှုနှင့် လုံခြုံမှုရှိသော ဉာဏ်ရည်တုနည်းပညာ ဖြစ်ပေါ်လာရေး၊ မြန်မာနိုင်ငံတွင်လည်း ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုများ၊ တရုတ်-အာဆီယံနိုင်ငံများအကြား ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို ဆွေးနွေးခဲ့သည်။




အဆိုပါဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဉာဏ်ရည်တုနည်းပညာဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ မျိုးဆက်သစ်လူငယ်များ လေ့ကျင့်ပြုစုပျိုးထောင်နိုင်မည့် အခွင့်အလမ်းများကိုလည်း ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရ ဒုတိယအကြီးအကဲက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် နန်နင်းမြို့ရှိ China–ASEAN Information Harbor Co., Ltd. (CAIH)ကို သွားရောက်လေ့လာခဲ့ပြီး ကုမ္ပဏီအမှုဆောင်အရာရှိချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စိုက်ပျိုးရေးကဏ္ဍများကို အထောက်အကူပြုနိုင်မည့် ဉာဏ်ရည်တုနည်းပညာအခြေပြု Application များရေးဆွဲနိုင်ရေး၊ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ နည်းပညာရှင်များ ပြုစုပျိုးထောင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၈**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံးအမှတ်(၁၇)ရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှု ရှိရန်၊ တာဝန်ယူ၊ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာမှုရှိပြီး ကျောသားရင်သားမခွဲခြားဘဲ မျှတစွာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှုကို ကျူးလွန်ပါက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် အရေးယူခံရမည့်အပြင် လူမှုအသိုက်အဝန်းတွင်လည်း ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများ သိရှိရှောင်ကြဉ်ရန်လိုအပ်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်မှာ ပူးပေါင်းပါဝင်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့အတူ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစိုးသိန်းက နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူများအကြားက ပေါင်းကူးတံတားများ ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိတရားများ ကင်းပြီး စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ကြမှသာလျှင် ပြည်သူများ၏ ယုံကြည်မှုကို ရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဆန်းတင့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးလွန်းဘော်သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး တားဆီးဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြင်ဦးလွင်မြို့နယ်၌ အခြေခံစက်ချုပ်နည်းပညာ သင်တန်းဖွင့်

**ပြင်ဦးလွင် စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ ကြီးကြပ်မှုဖြင့် အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၆ ရက်က ပြင်ဦးလွင်မြို့ စိတ္တသုခဆေးရုံဝင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းသူများထံ သင်တန်းသုံးပစ္စည်းများ ပေးအပ်သည်။

သင်တန်းကို စက်တင်ဘာ ၁၆ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသူ ၂၀ တက်ရောက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**စေတုတ္တရာ စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ ယာဉ်၊ လမ်းအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပြီး ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လမ်းညွှန်အမှတ်အသားများအကြောင်း၊ ယာဉ်၊ လမ်းအန္တရာယ်ဖြစ်ပွားမှု၏ အဓိကအကြောင်းခံသည် များသောအားဖြင့် မော်တော်ယာဉ်များ ပင်ဖြစ်ကြောင်း ကျောင်းသား ကျောင်းသူများသိရှိနိုင်ရန် အကျယ်တဝင့်ဟောပြောခဲ့ကြောင်း သိရသည်။

ဆန်းကိုကို(ပြန်/ဆက်)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ၌ ကြံ့ခိုင်ရေးနည်းပြသင်တန်းဆင်းပွဲ ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၈**

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ကြံ့ခိုင်ရေး နည်းပြသင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက သင်တန်းသား သင်တန်းသူများအနေဖြင့် ယခုသင်တန်းတွင် Sports Fitness နှင့် Strength & Conditioning ဆိုင်ရာ အခြေခံသဘောတရားများ သာမက အားကစားစွမ်းဆောင်ရည်များကို တိုးတက်စေရန် Fitness Assessment ပြုလုပ်ခြင်း၊ လေ့ကျင့်ခန်းများကို နည်းစနစ်နှင့် ပုံစံမှန်ကန်စွာ သင်ကြားပေးခြင်း၊ Training Load စီမံခန့်ခွဲခြင်း၊ Injury Prevention နှင့် Recovery တို့ကို လေ့လာခဲ့ကြကြောင်း၊ ယခုသင်တန်းမှ ရရှိခဲ့သည့် အသိပညာနှင့် ကျွမ်းကျင်မှုများကို မိမိတို့တာဝန်ကျရာ နေရာများတွင် လက်တွေ့အသုံးချပြီး အခြားနည်းပြများနှင့် အားကစားသမားများကို ပြန်လည်မျှဝေပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါ ကြံ့ခိုင်ရေးနည်းပြသင်တန်းကို စက်တင်ဘာ ၈ ရက်မှ ၁၈ ရက်အထိ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ၌ ၁၁ ရက်ကြာ ဖွင့်လှစ်သင်ကြား ပို့ချပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၁၆ ဦး၊ သင်တန်းသူ ၁၉ ဦး စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲ အပြီးတွင် အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲနှင့် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပိုက်ကျော်ခြင်း အားကစားအဖွဲ့များ စခန်းသွင်းလေ့ကျင့်နေမှု၊ (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ပီတန်းအားကစားအဖွဲ့ စခန်းသွင်းလေ့ကျင့်နေမှု၊ လက်ဝှေ့အားကစားအဖွဲ့ လေ့ကျင့်နေမှု၊ တိုက်ကွမ်ဒိုအားကစားအဖွဲ့ လေ့ကျင့်နေမှု၊ ခြင်းလုံးအားကစားအဖွဲ့ လေ့ကျင့်နေမှုတို့ကို သွားရောက်ကြည့်ရှုသည်။

ထို့သို့သွားရောက်စဉ်အားကစားအဖွဲ့များအနေဖြင့် အားကစားနည်းများအလိုက် လေ့ကျင့်မှုများပြုလုပ်ရာတွင် မိမိတို့၏ အားနည်းချက်၊ အားသာချက်များကို ပြုပြင်ပြောင်းလဲ၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားလေ့ကျင့်သွားရန် တိုက်တွန်းမှာကြားပြီး အားကစားအဖွဲ့များ၏ အားကစားနည်းအလိုက် တင်ပြချက်များနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## Korea - Myanmar Association for Economic & Security Studies

# စတင်ဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ် စီးပွားရေးဖိုရမ် ကျင်းပ

**ဆိုးလ် စက်တင်ဘာ ၁၈**

ကိုရီးယား-မြန်မာ စီးပွားရေး လုံခြုံမှုဆိုင်ရာ သုတေသနအသင်း (Korea-Myanmar Association for Economic & Security Studies - KMAESS) ၏ စတင်ဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ်ပြုလုပ်သည့် စီးပွားရေးဖိုရမ်ကို စက်တင်ဘာ ၁၅ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ LS Tower (MIR Hall) ၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် Mr. Lim Jong-deck၊ ဆိုးလ်မြို့ မြန်မာသံရုံး ယာယီတာဝန်ခံ/ သံအမတ်ကြီး ဦးမျိုးမြင့်မောင်နှင့် ကိုရီးယားနိုင်ငံကာကွယ်ရေးသံတမန်ရေးရာအသင်း ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် KMAESS ဥက္ကဋ္ဌ Mr. Choi Shin Il က ကျေးဇူးတင်စကားပြောကြားပြီး ကိုရီးယား-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုအောင်မြင်စေရန်နှင့် KMAESS ဖွဲ့စည်းတည်ထောင်ရာတွင် စိတ်အားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးခဲ့သူ မြန်မာသံရုံး ယာယီတာဝန်ခံ/ သံအမတ်ကြီးအား ကျေးဇူးတင်အသိအမှတ်ပြုတံဆိပ်ပေးအပ်သည်။




KMAESS သည် ကိုရီးယားသမ္မတနိုင်ငံ စက်မှု၊ ကုန်သွယ်ရေးနှင့် သယံဇာတဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အကျိုးအမြတ် မယူသောတရားဝင် Think Tank အဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းတည်ထောင်ထားပြီး ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေး လုံခြုံမှုဆိုင်ရာ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာလာစေရန်၊ သုတေသနနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးဖလှယ်မှုများမြှင့်တင်ရန်နှင့် နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုများ ဖော်ဆောင်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပခုက္ကူမြို့၌ အုတ်ရေမြောင်းနှင့်မြောင်းဖုံးလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး



**ပခုက္ကူ စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၆၆၅၅၀၀၀ဖြင့် ပခုက္ကူမြို့ အမှတ်(၁)မြို့မဈေးကြီး (တောင်ဘက်ခြမ်း) အုတ်ရေမြောင်းနှင့်မြောင်းဖုံးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် ကော်မတီဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက မကွေးပြည်သူ့ဆေးရုံကြီးတိုးချဲ့ ငါးထပ်လူနာကုသဆောင်၌ မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသက်လွင် ဦးဆောင်သော တပ်ဖွဲ့ဝင် စုစုပေါင်း ၁၁၅ ဦးတို့က စုပေါင်းသွေးလှူဒါန်းရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။ မောင်ခိုင်မင်း(ပြန်/ဆက်)



(၆၂)နှစ် မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆန်းလွင်နှင့် တပ်ဖွဲ့ဝင်များက အနောက်တောင်ရပ်ကွက် ရန်ကုန်ပြည်အလယ်တန်းကျောင်းခွဲတွင် စက်တင်ဘာ ၁၈ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ဇေယျာထွန်း (ကြို့ပင်ကောက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့အမှတ်(၁၉) တပ်ခွဲ (လက်ပံတန်း)မှ တပ်ခွဲမှူး ဒုတိယရဲမှူး စန်းယု ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက လောကမာရ်အောင်ရွှေဘုန်းရောင်ဘုရား ရင်ပြင်တော်နှင့် ပတ်ဝန်းကျင်တွင် စက်တင်ဘာ ၁၇ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မြို့မရဲစခန်းနှင့် ကျိုက်လတ်နယ်မြေရဲစခန်းရှိ တပ်ဖွဲ့ဝင်/မိသားစုဝင်များက စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ဌာန၌ စုပေါင်းလှူဒါန်းကြစဉ်။ မြို့နယ်(ပြန်/ဆက်)



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရမည်းသင်းမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မော်၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၈ ရက်တွင် ရမည်းသင်းမြို့ မင်းသမီးဘုရားကျောင်းအတွင်းနှင့် ပတ်ဝန်းကျင်တို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

ခရိုင်(ပြန်/ဆက်)

## ညောင်တုန်းကျွန်းတာ မြစ်ကမ်းပါးရေတိုက်စားမှုကြောင့် မြေအိပ်ကျမှုဖြစ်ပွားခဲ့သည့် နေရာများတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**ပုသိမ် စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ချောင်းဖျားကျေးရွာ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ဆည်မြောင်းတာအိပ်ကျမှုဖြစ်ပွားခဲ့သည့်နေရာများတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကမ်းပါးရှေ့ ရေထဲပိုင်း Floating unit နှင့် သဲအိတ်ဆွဲသစ်ကိုင်းများချထားခြင်း၊ Steel Cable တစ်ချောင်းချထားဆောင်ရွက်ခြင်း၊ BD သောင်တူးရေယာဉ်ဖြင့် သဲသောင်တူးဖော်ဆောင်ရွက်ခြင်း၊ ယာယီပန်းတာ အမြင့်မှတ် ၂၂ ပေနှင့် အလျား ပေ ၆၀၀ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေ၊ တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်းလုပ်ငန်း အလျားပေ ၂၅၀ ကို အမြင့်မှတ် ပေ ၂၀ ဖြင့် တာခြေထောက်ပြုလုပ်သွားမည့် အခြေအနေကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် ပုသိမ်မြို့ မြို့ဝင်မုခ်ဦးတည်ဆောက်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် တက်ရောက်လာသူများ၏ မြို့ဝင်မုခ်ဦးဒီဇိုင်းနှင့် တည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ မုခ်ဦးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယမန်နေ့ကလည်း ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမ၌ ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်၊ စာစစ်မှူးချုပ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**





## သီတဂူဆရာတော်ကြီးက ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် လေးမျက်နှာမြို့နယ်အတွက် ငွေကျပ် သိန်းတစ်ထောင် လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၈**

နိုင်ငံတော်သြဝါဒါစရိယ ဓွေကျင်နိကာယ သာသနာပိုင် သီတဂူဆရာတော်ကြီးသည် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ်သိန်းတစ်ထောင် လှူဒါန်းသည်။

အဆိုပါပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) သီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး သီတဂူဆရာတော်ကြီး ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ထောင်ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက ဥပဓိကာအဖြစ် ဆောင်ရွက်ပေးအပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က လက်ခံရယူ၍ သီတဂူဆရာတော်ကြီးထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဆက်ကပ်သည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးအား ဝါဆိုသင်္ကန်းနှင့် သီတဂူမျက်စိအလှူတော်အတွက် အလှူငွေ ဆက်ကပ်လှူဒါန်းကြသည်။

သီတဂူဆရာတော်ကြီးသည် သာသနာတော်ထွန်းကားပြန့်ပွားစေရန်အတွက် ပြည်တွင်း၊ ပြည်ပ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေသည့်အပြင် ၁၉၉၀ ပြည့်နှစ် မတ် ၁၀ ရက်တွင် စစ်ကိုင်းတောင်ရိုး၌ သီတဂူအာယုဒါနဆေးရုံကို စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဆေးရုံ ၄၄ ရုံအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကာ မျက်စိဝေဒနာရှင်ပေါင်း နှစ်သန်းကျော်ကို ကုသပေးနိုင်ခဲ့ပြီး ငါးသိန်းခန့်ကို မျက်စိအလင်း အလှူပေးနိုင်ခဲ့သည်။

ထို့ပြင် မျက်စိဝေဒနာရှင်များအတွက် ပဒေသာပင် ငွေကျပ်သိန်း ငါးသောင်းအထိ ရည်ရွယ်ထားပြီး လှူဒါန်းလိုသည့် ကုသိုလ်ရှင်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် သီတဂူစက္ခုဒါနဆေးရုံတွင် ကုသိုလ်ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

## ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၈**

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့် (၁၁/၇) ကြားနေရာ၌ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းကစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားကာ ဆည်မြောင်းတာ အိပ်ကျမှုဖြစ်ပွားသည့် နေရာနှင့် စက်တင်ဘာ ၁၇ ရက်တွင် အဆိုပါ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင် (၁၂/၂) နှင့် (၁၂/၃) ကြားရှိ စွန့်ပစ်တာအလျားပေ ၁၆၀ ခန့် တာပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



အဆိုပါ တာကိုယ်ထည် တိုက်စားခံရမှု ဖြစ်ပေါ်လျက်ရှိသည့်နေရာများ၌ ရေတိုက်စားမှု ကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ စွန့်ပစ်တာ အလျားပေ ၁၆၀ ခန့် ထပ်မံအိပ်ပြိုကျသည့် နေရာအား မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ Geotextine လုပ်ငန်းဆောင်ရွက်ခြင်း၊ သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ ယာယီပန်းတာ တည်ဆောက်ခြင်းနှင့် ကမ်းရင်းတာခြေ တုတ်ရိုက်သဲဖြည့်ခြင်း စသည့် မြစ်ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ခြင်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေ တိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်း ဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်း မြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင်ယနေ့အထိ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများ အတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီး ကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့် ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**







တိုင်းစစ်ဌာနချုပ် အသီးသီး၌ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ထိုက်တန်စွာချီးမြှင့်ပေးအပ်စဉ်။

*** ကျောဖုံးမှ**

၎င်းထမ်းဆောင်ရမည့် ပြည်သူ့ စစ်မှုထမ်းရန်ကာလ၏ တစ်ဝက် အထိ လျှော့ပေါ့ပေးလျက်ရှိသည်။ ထို့အတူ ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်နေသူ၏ မိဘနှစ်ပါး အနက် တစ်ဦးဦးသည် နိုင်ငံ့ ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ထက် မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင် ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါ ပြည်သူ့စစ်မှုထမ်း တာဝန် ထမ်းဆောင်လျက်ရှိသူအား ဥပဒေ အရ ၎င်းထမ်းဆောင်ရမည့်ပြည်သူ့ စစ်မှုထမ်းရန်ကာလ၏ သုံးပုံ တစ်ပုံအထိ လျှော့ပေါ့ပေးလျက် ရှိသည်။

ထိုသို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့ စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅) မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့ စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့် ရရှိကြသည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၃)မှ နိုင်ငံ့ သားကောင်း ပြည်သူ့စစ်မှုထမ်း များအား ပြည်သူ့စစ်မှုထမ်း တံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပြည်သူ့ စစ်မှု ထမ်းဆောင်ပြီးကြောင်း လက်မှတ် ပုံစံ(၁၂) ချီးမြှင့်ပေးအပ် ခြင်း အခမ်းအနားများကို ယနေ့ တွင် တိုင်းစစ်ဌာနချုပ် အသီးသီး၌ ကျင်းပပြုလုပ်ရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်များမှ ဝန်ကြီးချုပ် များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာန ချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သတ်မှတ် စစ်မှုထမ်းကာလကို တာဝန် ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက် ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်း ဒေသကြီးနှင့် ပြည်နယ်ဝန်ကြီး ချုပ်များနှင့် တိုင်းမှူးများက ဂုဏ်ပြု အမှာစကားများ ပြောကြားကြ သည်။ ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ က စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ် စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့ သည့် နိုင်ငံ့သားကောင်း ပြည်သူ့ စစ်မှုထမ်းများအား ပြည်သူ့ စစ်မှုထမ်းဆောင် ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်း တံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ များ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက် လာကြသူများအား လက်ဖက်ရည် ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများ ဖြင့် တည်ခင်းဧည့်ခံ၍ နိုင်ငံ့သား ကောင်းစစ်သည်များအား ရင်းရင်း နှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ်စစ်မှုထမ်း ကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့ စစ်မှုထမ်းများနှင့် ပြည်သူ့ စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့် ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းများ အနေဖြင့် ၎င်းတို့၏ဘဝတွင်







နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုး မဖက် စွန့်လွှတ်အနစ်နာခံမှုတို့ ဖြင့် ပေးအပ်လာသော နိုင်ငံတော် ကာကွယ်ရေး တာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ခဲ့ကြသူ များအဖြစ်လည်းကောင်း၊ နိုင်ငံ ကြီးသား ပီသစွာဖြင့် ဥပဒေပါ တာဝန်များကို ကျေပွန်ခဲ့ကြသူများ အဖြစ်လည်းကောင်း သမိုင်းဝင် ကမ္ပည်းမော်ကွန်းထိုး မှတ်တမ်း ဝင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော် နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့ စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့် ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှု များရရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးခဲ့သည့် အပြင် နိုင်ငံတော်အတွက် လိုအပ်နေသည့် အချိန်တွင် အသက်ကိုပဓာန မထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အား အဖြစ် ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထား လေးစားဂုဏ်ပြုလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်း များသည် သတ်မှတ်စစ်မှုထမ်း ကာလ ပြီးဆုံးပါက မိမိသဘောဆန္ဒ အလျောက် တပ်မတော်တွင် ဆက်လက် အမှုထမ်းဆောင် လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင် အလုပ်အကိုင်(သို့) အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ် ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ် ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည် ဖြစ်သည်။ ထို့ပြင် သတ်မှတ် စစ်မှုထမ်းကာလ ပြည့်မြောက်ပြီး သူများအနေဖြင့် အလုပ်အကိုင် ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ ဆန္ဒရှိပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက် ရှိသော အသက်မွေးဝမ်းကျောင်း သင်တန်းများသို့ တက်ရောက် နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်း အဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့ ၏ ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေး တို့အတွက် “စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ် အကိုင်ရရှိရေးစီမံခန့်ခွဲမှု ကော်မတီ” က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)နှင့် ပြည်ပ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ တို့နှင့် ချိတ်ဆက်ဆောင်ရွက် ပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်း အချို့အနေဖြင့် သက်ဆိုင်ရာ ရုံး၊ ဌာနများနှင့် လုပ်ငန်းခွင်များတွင် ဝင်ရောက် အလုပ်လုပ်ကိုင်လျက် ရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန် စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ သားကောင်း ပြည်သူ့စစ်မှုထမ်း အချို့သည်လည်း နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များကို ဆက်လက်ထမ်းဆောင် လိုသည့်အတွက် ကိုယ်တိုင် ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက် တာဝန်ထမ်းဆောင် ကြသည်များလည်း ရှိကြကြောင်း သိရသည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်ကာလ ပြည့်မြောက် ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြု ချီးမြှင့်သည့် အခမ်းအနားသည် နိုင်ငံတော်အတွက် နိုင်ငံ့ သားကောင်းများပီပီ တာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြ သူများကို ထိုက်ထိုက်တန်တန် တန်ဖိုးထားခြင်းဖြစ်ပြီး တပ်မတော် နှင့် ပြည်သူအကြား ယုံကြည်မှု၊ အပြန်အလှန် လေးစားမှု၊ ကိုယ်ချင်းစာ နားလည်မှုနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်း၏ တာဝန်ရှိမှု၊ တာဝန်သိမှုတို့ကို ဖော်ပြသည့် သမိုင်းဝင် မှတ်တိုင်တစ်ခုဖြစ်ရာ လက်ရှိ တာဝန်ထမ်းဆောင်လျက် ရှိသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်း တက်ရောက်နေဆဲ ဖြစ်သည့် ပြည်သူ့စစ်မှုထမ်း များနှင့် နောင်လာနောက်သား မျိုးဆက်သစ် လူငယ်လူရွယ်များ အတွက်လည်း စံနမူနာကောင်း တစ်ခုပင် ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေး တာဝန် များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများ၏ တာဝန် ကျေပွန်မှုများသည် နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍ တွင် ပြည်သူတစ်ရပ်လုံးက စိတ်အားထက်သန်စွာ ပူးပေါင်း ပါဝင်လာပြီး တပ်မတော်နှင့်ပြည်သူ တစ်သားတည်း ဖြစ်တည်မှုကို အပြည့်အဝ သက်သေထူသည့် သမိုင်းဝင် မှတ်တိုင်တစ်ခုလည်း ဖြစ်သည်။

သတ်မှတ်ကာလ ပြည့်မြောက် ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့ စစ်မှုထမ်းများ၏ စကားသံများကို လည်း ယခုကဲ့သို့ ကြားသိရပါ သည်-

မိသားစုတွေနဲ့ ပြန်လည် ဆုံတွေ့ရတော့မယ် ဆိုတော့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ (၂)နှစ်တာကာလ တာဝန် ထမ်းဆောင်ခဲ့တဲ့ အချိန်မှာ အခက်အခဲတွေက အများကြီးပါ။ အရာရာအားလုံးက ပျော်ဖို့တော့ ကောင်းပါတယ်။ စိတ်ဓာတ်၊ စည်းကမ်း၊ နေထိုင်စားသောက်မှု တွေ၊ သွားလာမှုတွေအားလုံး ပြောင်းလဲခဲ့ပါတယ်။ မိသားစုတွေ ကတော့ အများကြီးအားပေးခဲ့ပါ တယ်။ ကောင်းကောင်းမွန်မွန်နေ ထိုင်ဖို့၊ အစစအရာရာဂရုစိုက်ဖို့ အတွက်မှာခဲ့ပါတယ်။ ကိုယ်တိုင် တာဝန် ထမ်းဆောင်တဲ့အခါ အများကြီး နားလည်မှုတွေရ လာပါတယ်။ ရဲရဲဝံ့ဝံ့ဝင်ဖို့အတွက် ဆုံးဖြတ်ချက် ချစေချင်ပါတယ်။ အပြင်လောကမှာ ပြောဆိုတဲ့ အရာတွေအကုန်လုံးထက် ဒီမှာ လက်တွေ့ထမ်းဆောင်ခဲ့တဲ့အရာ တွေနဲ့ ကွဲပြားခြားနားမှုတွေ အများကြီးရှိပါတယ်။ ကျွန်တော် တို့က (၂)နှစ်တာဝန်ထမ်းဆောင် ခဲ့ပြီးဖြစ်တဲ့အတွက် အကုန်လုံး ကိုလည်း နားလည်ခဲ့ပါပြီ။ (၂)နှစ် တာကာလ ထမ်းဆောင်ခဲ့ပြီးဖြစ်ခဲ့ ပေမယ့် နိုင်ငံ့တာဝန်ကို ထပ်ပြီး တော့ ထမ်းဆောင်ချင်တဲ့စိတ်ရှိတဲ့ အတွက်ကြောင့် ထပ်ပြီး ထမ်းဆောင်ခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော် (၂)နှစ်ပြည့်လို့ရှိရင် ဆက်လက်ပြီးတော့ ကျွန်တော် သဒ္ဒေအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်မယ်လို့ ခံယူချက် ထားပါတယ်။ ကျွန်တော်နဂို ကတည်းကလည်း တပ်မတော်ထဲ ဝင်ဖို့ စဉ်းစားခဲ့ဖူးတယ်။ ယခုလို ပြည်သူ့စစ်မှုထမ်းတွေခေါ်တော့မှ ကျွန်တော် ပြည်သူ့စစ်မှုထမ်းထဲ ကို ဝင်ရောက်ဖြစ်ခဲ့ပါတယ်။ ကျွန်တော်ရွာကိုလည်း မပြန်ရ တော့ဘူးဆိုတော့ ဒီမှာပဲဆက်နေ တော့မယ်လို့ ဆုံးဖြတ်လိုက် တယ်။ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်မယ်လို့ စိတ်ကူးထား ပါတယ်။ အမေကလည်း လုပ်မယ် ဆိုဆက်လုပ်ဖို့ ပြောပါတယ်။ ရတဲ့လစာလည်း မိသားစုတွေကို အကုန်လွှဲပေးခဲ့ပါတယ်။ အခု တာဝန်ထမ်းဆောင်နေတဲ့တပ်က ကျွန်တော့် မိခင်တပ်ရင်းဖြစ် နေတော့ ကျွန်တော်ကိုယ့်ဘာသာ ကိုယ်လည်း တော်တော်လေး အဲဒီမှာနေရတာ ပျော်လို့လည်း ပါပါတယ်။ ကျွန်တော့်လိုမျိုး တပ်မတော်မှာ သဒ္ဒေအဖြစ် ဆက်လက်တာဝန်ပြန်ထမ်းဆောင် တဲ့ သူတွေရှိရင် ဂုဏ်ယူပါတယ်လို့ ပြောချင်ပါတယ်။

မိဘတွေနဲ့ပြန်တွေ့ရတော့မယ် ဆိုတော့ အတော်ဝမ်းသာပါတယ်။ နေထိုင်ပုံ၊ သွားလာပုံ၊ စားသောက်ပုံ စည်းကမ်းတွေ အကုန်လုံး ပြောင်းလဲလာပါတယ်။ အခက် အခဲတွေကတော့ အများကြီး ရင်ဆိုင်ခဲ့ရတယ်။ တိုက်ပွဲတွေ လည်း အများကြီးကြုံခဲ့ရတယ်။ ရှေ့ဆက်ရမယ့် ဘဝမှာတော့ ကိုယ့်ကိုယ်ကိုယ် အများကြီး ပြောင်းလဲလာမယ်လို့ ထင်တယ်။ အများကြီးလည်း ကြိုးစားရဦး မယ်လို့ထင်ပါတယ်။ မိဘတွေ ကလည်း အများကြီးအားပေးခဲ့ပါ တယ်။ ထပ်ပြီးတာဝန်ထမ်းဆောင် မယ့် သူငယ်ချင်းတွေကိုလည်း အစစအရာရာ ဂရုစိုက်ပါလို့ ပြောချင်ပါတယ်။ နောင်ပြည်သူ့ စစ်မှုထမ်းမယ့် သူတွေလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပြီး နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြပါလို့ ပြောကြား လိုပါတယ်။ **သတင်းစဉ်**

# ခေတ်နှင့်အညီ လိုအပ်လာသည့် 5G စနစ် နည်းပညာကို ဝန်ဆောင်မှုပေးနိုင်ရန် ဆက်သွယ်ရေး အော်ပရေတာများအတွက် လိုအပ်သည့် 2600MHz လှိုင်းနှုန်းစဉ်ကို သတ်မှတ်ခွင့်ပြုပေးအပ်ပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၁၈**

ခေတ်နှင့်အညီ လိုအပ်လာသည့် 5G စနစ် နည်းပညာကို ဝန်ဆောင်မှုပေးနိုင်ရန် ဆက်သွယ်ရေး အော်ပရေတာများ အတွက် လိုအပ်သည့် 2600MHz လှိုင်းနှုန်းစဉ်ကို သတ်မှတ်ခွင့်ပြုပေးအပ်ပြီးဖြစ်၍ အကောင်အထည်ဖော် တည်ဆောက်ခြင်းလုပ်ငန်းများကို စတင် ဆောင်ရွက်နေကြပြီဖြစ်ကြောင်း ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ယနေ့ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီး မန်နေဂျာရုံး၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မြန်မာ့စာတိုက်လုပ်ငန်းရှိ ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် မိမိတို့ကျရာတာဝန်များကို ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေး ဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိသည့် မိုဘိုင်းအော်ပရေတာများ၊ တာဝါနှင့် ပါဝါဝန်ဆောင်မှုပေးနေသည့်ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးပြီး ရေကြီးရေလျှံမှုနှင့် သဘာဝ ဘေးအန္တရာယ်များ ကြုံတွေ့ရပါက ကြိုတင်ကာကွယ်ပြင်ဆင်ဆောင်ရွက်မည့် အစီအမံများကို အထူးအလေးထား ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပုသိမ်မြို့ရှိ ဆက်သွယ်ရေးစခန်းများ၊ မြန်မာ့စာတိုက်လုပ်ငန်းများ၊ ငွေဆောင်မြို့ရှိ ပင်လယ်ရေအောက်ဖိုက်ဘာကေဘယ်ဝင်ရောက်ရာ စခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုသို့ကြည့်ရှုစဉ် ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်မှုမရှိစေရေးအတွက် ပင်မနှင့် အရန် ဆက်သွယ်ရေး ဆက်ကြောင်းများကို လိုအပ်သည့် ကြိုတင်ကာကွယ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို စနစ်တကျ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိရန်၊ စက်ပစ္စည်းများ၏ ဝန်အားနှင့် လိုက်လျောညီထွေစွာ လျှပ်စစ်စွမ်းအားကိုလည်း သင့်တင့်မျှတ နိုင်နင်းစွာ အသုံးပြုနိုင်ရေး စနစ်တကျ တွက်ချက်အသုံးပြုသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပိုလ်တထောင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန် တိုင်းဒေသကြီး ဗိုလ်တထောင် မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုကို ယနေ့နံနက်ပိုင်းက အမှတ်(၅) ရပ်ကွက် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

**ဟောပြော**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကား ပြောကြားကာ ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနား ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး ဆရာမမေ(ရန်ကုန်)က စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။



ထို့နောက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ကျပန်း စကားပြောပြိုင်ပွဲနှင့် မူလတန်း အဆင့်ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာ ရွတ်ပြိုင်ပွဲတို့တွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြပြီး စာရေးဆရာမမေ(ရန်ကုန်)အား ဂုဏ်ပြုအမှတ်တရ လက်ဆောင်ပေးအပ်ခဲ့သည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများ အတွက် ခါးကွင်းလှည့်ဂိမ်း၊ဘယ်ခြေညာလက်ပြိုင်ပွဲဂိမ်း၊ ခွက်ထပ်ပြိုင်ပွဲဂိမ်း၊ စကားပုံဆက်ဂိမ်းနှင့် ဆန်ကောရွက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အနိုင်ရရှိသူများအား အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခင်ဝင်း(ပြန်/ဆက်)**

# အလုံမြို့နယ်၌ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အလုံမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများက ဒေသတစ်ခု စီးပွားရေးတိုးတက်ရန်အတွက် လွှတ်တော်အတွင်း ဥပဒေ/မူဝါဒပိုင်းဆိုင်ရာ ကူညီဆောင်ရွက်ပေးနေမှုများ၊ ဒေသအတွင်း တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေး ဆုံးဖြတ်ချက်ချသည့်အဆင့်များတွင် အမျိုးသမီးများ၏ပါဝင်ခွင့် ပိုမိုအားကောင်းလာစေရန်ဆောင်ရွက်နေမှုများနှင့် အကြံပြုချက်များကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ရပ်ကွက်နေပြည်သူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**



# ဧဝတ္တရခရိုင်၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၁၈**

ဥတ္တရခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့်(မြို့နယ်အဆင့်) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အခြေခံသင်တန်းအမှတ်စဉ်(၄/၂၀၂၆)ဖွင့်ပွဲကို ယမန်နေ့က ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူးက အမှာစကားပြောကြားပြီး နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၀ အား သင်တန်းနည်းပြ ရှစ်ဦးက စက်တင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**



# ဇီးကုန်းမြို့နယ်၌ ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲပြုလုပ်

**ဇီးကုန်း စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကွဲခြံကျေးရွာနေ ပြည်သူများအား ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲကို စက်တင်ဘာ ၁၇ ရက်က ဇီးကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နတ်တလင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပြည်သူများအား ကျေးရွာမြေငှားဂရန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင့်ဆွေ(ပြန်/ဆက်)**



# ရွှေဘိုမြို့ ရန်ကြီးအောင်ပန်းခြံအတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးအလှဆင်ထား

**စစ်ကိုင်း စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ ၁၂ ကေကျော်ကျယ်ဝန်းသော ရန်ကြီးအောင်ပန်းခြံအတွင်း အရိပ်ရပင် ၁၀၅၀ နှင့် ပန်းအလှပင် ၂၄၅၀၀ စိုက်ပျိုးအလှဆင်ထားပြီး Landscaping ၂၇ ခုပြုပြင်မွမ်းမံထားကာ မြက်ခင်းများကိုလည်း ပြုပြင်ထားကြောင်း သိရသည်။

ရန်ကြီးအောင်ပန်းခြံအတွင်း နားနေထိုင်ခုံအလုံး ၂၀၊ ထန်းလုံးထိုင်ခုံအလုံး ၃၀ ပြုလုပ်ထားပြီး ပန်းခြံခြံစည်းရိုးနှင့် အလှရုပ်တုများကိုလည်း ဆေးသုတ်အလှဆင်ထားသည်။ ထို့ပြင် ပန်းခြံအတွင်းရှိ ကလေးရေကူးကန်၊ ကလေးကစားကွင်းများကိုလည်းပြုပြင်မွမ်းမံထားသလို ကိုယ်လက်လှုပ်ရှားအားကစားပစ္စည်း ခြောက်မျိုး တပ်ဆင်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီတို့ပူးပေါင်း၍ လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ပူးပေါင်း၍ လူငယ်အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Wisdom Hill ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

**ပေးအပ်**

ဟောပြောပွဲတွင် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစစ်နိုင်က အမှာစကားပြောကြားပြီး Wisdom Hill ကိုယ်ပိုင်အထက်တန်း ကျောင်းအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ထို့အတူ နေပြည်တော် ကောင်စီဝင် ဦးထွန်းထွန်းက လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးနှင့်အတူ လူငယ်ရေးရာ အသိပညာပေး ဟောပြောပေးမည့် စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်) အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ကာ ဟောပြောပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ချမ်းအေးသာစံမြို့နယ် သမဝါယမအသင်းစု အမှုဆောင်သစ် ရွေးချယ်တင်မြှောက်

မန္တလေး စက်တင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအသစ် ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများ ဖတ်ကြားခြင်း၊ မြို့နယ်သမဝါယမအသင်းစု ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာများ၊ အသင်း၏စည်းကမ်းများကို ရှင်းလင်းတင်ပြခြင်းဆောင်ရွက်ကာ အတည်ပြုချက်များ ရယူခဲ့သည်။

ဆက်လက်ပြီး အမှုဆောင်အဖွဲ့အား ရွေးချယ်ခဲ့ပြီး အသင်းအမှုဆောင်နှင့် အသင်းစာရင်းစစ်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူကာ အသင်းဥက္ကဋ္ဌအသစ်က မိတ်ဆက်စကားနှင့် သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ပြန်/ဆက်)**



# လေးမျက်နှာမြို့နယ်၌ ဝမ်းနှင့်ပတ်သက်သော ကူးစက်ရောဂါများ မဖြစ်ပွားစေရေး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်



ဟသ္သာတ စက်တင်ဘာ ၁၈

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာ မြို့နယ်တွင် ဝဝန်တာတမံ နိမ့်ကျမှုကြောင့် ရေလွှမ်းမိုးခံခဲ့ရသည့် ရပ်ကွက်နှင့်ကျေးရွာများအတွင်း ဝမ်းနှင့်ပတ်သက်သော ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ အနီးကပ်လမ်းညွှန်မှုဖြင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဟသ္သာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဦးဆောင်၍ ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများက လေးမျက်နှာမြို့ အမှတ် (၅) ရပ်ကွက်ရှိ ပြည်သူများအား ကလိုရင်းဆေးရည် အသုံးဝင်ပုံများ၊ အိမ်သုံးဆေးရည်ဖျော်စပ် အသုံးပြုပုံများကို ကျန်းမာရေး ပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်သည်။

ဆက်လက်၍ အိမ်သာများအား ကလိုရင်းဆေးရည် အသုံးပြု၍ နေ့စဉ် ပိုးသတ်ရန်အတွက် ကလိုရင်းဆေးရည်များ၊ အိမ်သုံးကလိုရင်းဆေးရည် ဖျော်စပ်အသုံးပြုရန်အတွက် ကလိုရင်းဆေးအမှုန့်များကို ဖြန့်ဝေခဲ့ရာ ဟသ္သာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# သထုံခရိုင်၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

သထုံ စက်တင်ဘာ ၁၈

မွန်ပြည်နယ် သထုံမြို့နယ်တွင် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်စာပေချစ်မြတ်နိုးသူများအဖွဲ့နှင့် မြို့နယ်စာရေးဆရာများအသင်းတို့ ပူးပေါင်းကာ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက စာဖတ်ဝိုင်းပြုလုပ်ရသည့် ရည်ရွယ်ချက်၊ လူထုအခြေပြုဗဟိုဌာန၌ လစဉ် စာဖတ်ဝိုင်းများပြုလုပ်နေမှု အခြေအနေတို့ကို ရှင်းလင်းပြီး မြို့နယ်စာရေးဆရာများအသင်းဥက္ကဋ္ဌ စာရေးသူ ရွှေထုံခင်သီတာလှိုင်က စာပေရေးရာများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဟသ္သာတမြို့၌ အရန်သားဖွားဆရာမများ သင်တန်းဖွင့်လှစ်

ဟသ္သာတ စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ အရန်သားဖွားဆရာမ(သစ်လွင်) သင်တန်းကို ယမန်နေ့နံနက်ပိုင်းက ဟသ္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင်က သင်တန်းနှင့်ပတ်သက်သည့် လမ်းညွှန်ချက်များ၊ စာတွေ့၊ လက်တွေ့ ပေါင်းစပ်သင်ကြားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

သင်တန်းကို စာတွေ့သုံးလ၊ လက်တွေ့သုံးလဖြင့် သင်တန်းသူ ၉၅ ဦးဖြင့် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# လှိုင်းဘွဲ့မြို့နယ်၌ ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ဘားအံ စက်တင်ဘာ ၁၈

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် ထူးထူးထက်ကုမ္ပဏီနှင့် ဖွဲကပင်မေမေကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်နေသည့် တောင်စွန်း-ကော့လံစူး-ကော့စူးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၆ ရက်နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကမမောင်းမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း ဖွင့်လှစ်

ကမမောင်း စက်တင်ဘာ ၁၈

ကရင်ပြည်နယ် ကမမောင်းမြို့တွင် ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းက ကမမောင်းမြို့အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ဖာပွန်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားပြီး ဖာပွန်မြို့နယ် ဥပဒေအရာရှိ က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းဆင်း ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက သင်တန်းသား ၇၀ ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေတို့ကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဂျပန်ဝန်ကြီးချုပ် တာခိုင်ချီဆာနေးနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ လာမည့်ရက်သတ္တပတ်အတွင်း တွေ့ဆုံမည်

**တိုကျို စက်တင်ဘာ ၁၈**

ဂျပန်ဝန်ကြီးချုပ် တာခိုင်ချီဆာနေးနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့က လာမည့်ရက်သတ္တပတ်အတွင်း အမေရိကန်ပြည်ထောင်စု၌ ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ပြင်ပ အစည်းအဝေးတစ်ရပ်ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံတာဝန်ရှိသူများက အဆိုပါ အစည်းအဝေးပွဲကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဂျပန်ဝန်ကြီးချုပ် တာခိုင်ချီဆာနေးက ကုလသမဂ္ဂဌာနချုပ်၌ ပြုလုပ်မည့် အထွေထွေဆွေးနွေးပွဲတွင် မိန့်ခွန်းပြောကြားရန် နယူးယောက်မြို့သို့ သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း အရှေ့အလယ်ပိုင်းဒေသ အခြေအနေများနှင့် စပ်လျဉ်း၍ ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံတကာအဆင့်တွင် မည်သို့ပါဝင်ကူညီဆောင်ရွက်သွားမည်ဆိုသည့် အစီအစဉ်များကို ၎င်းက ရှင်းလင်းတင်ပြဖွယ်ရှိကြောင်း သိရသည်။

သမ္မတ ထရမ့်နှင့် တွေ့ဆုံသည့် ထိပ်သီးဆွေးနွေးပွဲ၌ ခေါင်းဆောင်နှစ်ဦးက နှစ်နိုင်ငံ ဒေသတွင်းလုံခြုံရေးနှင့် စီးပွားရေးလုံခြုံရေး အပါအဝင် နယ်ပယ်အသီးသီး၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ပြီး နှစ်နိုင်ငံ မဟာမိတ်ဆက်ဆံရေး၏ အရေးပါမှုကိုလည်း ထပ်လောင်းအတည်ပြုကြဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**





# ပြင်သစ် ထိပ်တန်းကာကွယ်ရေးကုမ္ပဏီက ကာကွယ်ရေးဆိုင်ရာ အထောက်အကူပြု AI နည်းပညာသုံးစနစ်တစ်ခု မိတ်ဆက်

**ပါရီ စက်တင်ဘာ ၁၈**

ပြင်သစ်နိုင်ငံ၏ ထိပ်တန်းကာကွယ်ရေး ကုမ္ပဏီကြီးတစ်ခုက ကာကွယ်ရေးဆိုင်ရာ အထောက်အကူပြုသည့် ဉာဏ်ရည်တု (AI) နည်းပညာသုံး စနစ်တစ်ခုကို ယမန်နေ့က မိတ်ဆက်သည်။

Thales ကုမ္ပဏီသည် Hexa-Force ဟုခေါ်သော အဆိုပါစနစ်ကို မိတ်ဆက်ကြောင်း ကြေညာခဲ့သည်။

၎င်းစနစ်သည် ရှေ့တန်းတပ်ဖွဲ့များ၊ ရေယာဉ်များနှင့် ဂြိုဟ်တုများကဲ့သို့သော အရင်းအမြစ်အမျိုးမျိုးမှ အချက်အလက်များကို စုဆောင်းနိုင်ပြီး AI နည်းပညာကို အသုံးပြုကာ ပစ်မှတ်များကို ရွေးချယ်ခြင်းနှင့် စစ်ဆင်ရေးအစီအစဉ်များ ရေးဆွဲခြင်းတို့ကို လုပ်ဆောင်နိုင်ကြောင်း ကုမ္ပဏီက ပြောကြားသည်။

နိုင်ငံအသီးသီး၏ ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာများနှင့် မူဝါဒများနှင့်အညီ အဆိုပါစနစ်ကို လိုက်လျောညီထွေစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီက ဆက်လက်ပြောကြားခဲ့သည်။

ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ပတ်ထရေ့စ်ကိန်းက နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် အချက်အလက်များအပေါ် ထိန်းချုပ်နိုင်မှုတို့၏ အရေးပါပုံကို အလေးပေးပြောကြားခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ AI နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွင် ဦးဆောင်နေသည့် အမေရိကန်ကုမ္ပဏီများအပေါ် မှီခိုအားထားနေရခြင်းကို ရှောင်ရှားရန် ဥရောပနိုင်ငံများအတွက် လိုအပ်ကြောင်း ထောက်ပြပြောကြားခဲ့သည်။

ထို့ပြင် AI နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကို စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းချုပ်သင့်၊ မသင့်နှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုတွင် ဖြစ်ပေါ်နေသော ဆွေးနွေးငြင်းခုံမှုများနှင့် ပတ်သက်၍လည်း ၎င်းက မှတ်ချက်ပြု ပြောကြားခဲ့သည်။

AI နည်းပညာကို ထိန်းချုပ်ထားနိုင်မည့် နည်းလမ်းများရှိသည်ဟု ၎င်းအနေဖြင့် မယုံကြည်ပါကြောင်း ပြောကြားခဲ့သော်လည်း အဆိုပါနည်းပညာကို စီမံခန့်ခွဲရန်အတွက် ကမ္ဘာလုံးဆိုင်ရာ မူဘောင်တစ်ခု လိုအပ်ကြောင်းကိုမူ အလေးပေးပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီက အရှေ့အလယ်ပိုင်းဒေသ၌ စောင့်ကြည့်စစ်ဆေးရေးဆိုင်ရာ စည်းမျဉ်းများကျင့်သုံးရန် အဆိုပြုချက်ကို အတည်ပြု

**ကိုင်ရို စက်တင်ဘာ ၁၈**

အရှေ့အလယ်ပိုင်းဒေသရှိ နျူကလီယားစက်ရုံအားလုံးအပေါ် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ၏ စောင့်ကြည့်စစ်ဆေးရေးဆိုင်ရာ စည်းမျဉ်းများကို ကျင့်သုံးရန် တောင်းဆိုထားသည့် အီဂျစ်နိုင်ငံ၏ အဆိုပြုချက်ကို IAEA ၏ အကြိမ်(၇၀)မြောက် အထွေထွေညီလာခံက အတည်ပြုခဲ့ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

နျူကလီယားလက်နက်များနှင့် အခြားသော အစုလိုက်အပြုံလိုက် သေကျေပျက်စီးစေနိုင်သည့် လက်နက်များကင်းစင်သော အရှေ့အလယ်ပိုင်းဒေသတစ်ခု ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်နေချိန်တွင် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံအားလုံးနှင့် ၎င်းတို့၏ နျူကလီယားစက်ရုံအားလုံးအပေါ် ခြွင်းချက်မရှိ IAEA ၏ စောင့်ကြည့်စစ်ဆေးရေးစနစ်ကို ကျင့်သုံးရန် တောင်းဆိုခြင်းအားဖြင့် ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်မှုကို မြှင့်တင်ရန် အီဂျစ်နိုင်ငံက ရည်ရွယ်ထားကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရာတွင် နျူကလီယားလက်နက် မပြန့်ပွားရေးဆိုင်ရာ စာချုပ်၏ အဓိကကျသော အခန်းကဏ္ဍကိုလည်း အီဂျစ်နိုင်ငံက အလေးပေးဖော်ပြထားကြောင်း သိရသည်။

နိုဝင်ဘာလတွင် နယူးယောက်မြို့၌ ကျင်းပမည့် နျူကလီယားလက်နက်များနှင့် အခြားသော အစုလိုက်အပြုံလိုက် သေကြေပျက်စီးစေနိုင်သည့် လက်နက်များကင်းစင်သော အရှေ့အလယ်ပိုင်းဒေသတစ်ခု တည်ဆောက်ရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ၏ (၇) ကြိမ်မြောက် အစည်းအဝေးသည် ဒေသတွင်းနိုင်ငံများအတွက် အလေးအနက်ထား ဆွေးနွေးမှုများ ပြုလုပ်နိုင်မည့် အခွင့်အလမ်းတစ်ခုကို ပေးစွမ်းနိုင်မည်ဖြစ်ပြီး နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရာတွင် နျူကလီယားလက်နက် မပြန့်ပွားရေးဆိုင်ရာ စာချုပ်ကို ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာဖြင့် လိုက်နာကျင့်သုံးရေး ကြိုးပမ်းအားထုတ်မှုများကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ စာသင်ကျောင်း၌ သေနတ်ပစ်ခတ်မှု ဖြစ်ပွား၊ ခြောက်ဦးသေဆုံး

**မနီလာ စက်တင်ဘာ ၁၈**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိကျောင်းတစ်ကျောင်း၌ သေနတ်ပစ်ခတ်မှုတစ်ခု ယနေ့ ဖြစ်ပွားခဲ့ရာ ခြောက်ဦး သေဆုံးပြီး ၁၇ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနက ပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်သည် တောင်ဘက် ကိုတာဘာတို ပြည်နယ် ဘန်ဂါမြို့နယ်ရှိ အထက်တန်းကျောင်းတစ်ကျောင်းတွင် စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီဝန်းကျင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကနဦး စုံစမ်းစစ်ဆေးချက်များအရ သိရသည်။

စိတ်ပိုင်းဆိုင်ရာ အကူအညီနှင့် ထောက်ပံ့မှုများ ပေးအပ်ရန်အတွက် လူမှုဝန်ထမ်းများအား ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ စေလွှတ်ထားကြောင်း လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနက ပြောကြားခဲ့သည်။

ဒေသတွင်း သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲမှုရုံး၏ ထုတ်ပြန်ချက်အရ အဆိုပါမြို့နယ်အတွင်းရှိ အဆင့်အသီးသီးမှ စာသင်ကြားမှု အားလုံးကို ချက်ချင်းရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

ပညာရေးဌာနကလည်း အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ အလွန်အမင်း စိုးရိမ်ပူပန်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**




# ကမ္ဘောဒီးယားနိုင်ငံက အာဆီယံ၊ အီးယူတို့နှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၃၉ ဘီလီယံရှိ

**ဖနောင်ပင် စက်တင်ဘာ ၁၈**

ကမ္ဘောဒီးယားနိုင်ငံက အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နှင့် ဥရောပသမဂ္ဂ (အီးယူ) တို့နှင့် ကုန်သွယ်မှုပမာဏသည် ၂၀၂၆ ခုနှစ် ပထမ ရှစ်လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၃၉ ဘီလီယံအထိ ရှိခဲ့ပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၆ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ယနေ့ ထုတ်ပြန်သော အစီရင်ခံစာအရ သိရသည်။

ဒေသတွင်း ကုန်သွယ်မှုတွင် ကောင်းမွန်သော တိုးတက်မှုရလဒ်များကို တွေ့ရှိရပြီး ဇန်နဝါရီလမှ ဩဂုတ်လအထိ ကမ္ဘောဒီးယားနိုင်ငံနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉၄ ဘီလီယံ ရှိခဲ့ကာ ၎င်းပမာဏသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၈ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ အလားတူ ဥရောပသမဂ္ဂနှင့် ကုန်သွယ်မှုပမာဏမှာလည်း ၁၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၅ ဘီလီယံအထိ ရှိခဲ့သည်။

အဓိက ကုန်သွယ်မှုပြုလုပ်ခဲ့သော ကုန်ပစ္စည်းများတွင် အဝတ်အထည်၊ အထည်အလိပ်၊ ဖိနပ်၊ ခရီးသွားသုံးပစ္စည်းများ၊ စက်ဘီးများ၊ ကားတာယာများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တို့အပြင် ဆန်နှင့် သီဟိုဠ်စေ့ကဲ့သို့သော အဓိက စိုက်ပျိုးရေးထွက်ကုန်များ ပါဝင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ နိုင်ငံတော်အတွင်းဝန်နှင့် ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်က ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များကမ်း၍ လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော် သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (မကျီးပင်)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြရာ ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော် လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြပြီး ကျောင်းသား ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြဝတီမြို့တွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

မြဝတီ စက်တင်ဘာ ၁၈

ကရင်ပြည်နယ် မြဝတီမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံး၏ ကြီးကြပ်မှုဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးနိုင်ရေးအတွက်ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့မွန်းလွဲပိုင်းက မြဝတီမြို့ သဃ်န်းညီနောင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါကျောင်းရှိအသက် (၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၂၅၀ အား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစီးသော ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များရရှိရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



# မြန်အောင်မြို့နယ်၌ သစ်လွင်အရန်သားဖွား သင်တန်းဖွင့်

မြန်အောင် စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်သော သစ်လွင်အရန်သားဖွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်အောင်မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဝင်းက သစ်လွင်အရန်သားဖွားသင်တန်း ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သစ်လွင်အရန်သားဖွားသင်တန်းတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုတို့မှ သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ စာတွေ့ သုံးလ၊ လက်တွေ့ သုံးလ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဝင်းမိုလ်(ပြန်/ဆက်)



# ပေါင်မြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

ပေါင် စက်တင်ဘာ ၁၈

မွန်ပြည်နယ် ပေါင်မြို့နယ် အထက(ခွဲ)ပန်းကုန်းမွန်ကျောင်း၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။



ဦးစွာ ဇင်းကျိုက်နယ်မြေစခန်းမှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာ၊ ဒုတိယမြို့နယ်ဥပဒေအရာရှိက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ လက်ထောက်တိုင်းရင်းဆေးမှူးက ဝမ်းပျက်ဝမ်းလျှောရောဂါ အကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိက မိုးကြိုးဘေးအန္တရာယ် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက စာဖတ်ခြင်း အကျိုးကျေးဇူးများ စသည်ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

ပညာသမာ
အာဘာနတ္ထိ
—
အလိမ္မာ
စာမှာရှိ

# ကြံအထွက်နှုန်း ရေရှည်တည်တံ့ဖို့ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ မျှတစွာအသုံးပြုကြစို့



ဥမ္မာစိုး(စိုက်ပျိုးရေး)

ကြံသီးနှံသည် မြေဆီလွှာအတွင်းမှ အာဟာရဓာတ်များကို အမြောက်အမြား စုပ်ယူကြီးထွားရသည့် သီးနှံဖြစ်သည်။ ကြံပင်ကောင်းမွန်စွာကြီးထွားပြီး အထွက်နှုန်းတိုးတက်စေရန်အတွက် မြေဆီလွှာ၏ ရုပ်ပိုင်းဆိုင်ရာ၊ ဓာတ်ပိုင်းဆိုင်ရာနှင့် ဇီဝဆိုင်ရာ ဂုဏ်သတ္တိများကို ရေရှည်ထိန်းသိမ်းပေးနိုင်သည့် စနစ်ကျသော မြေသြဇာသုံးစွဲမှုစနစ်မှာ အလွန်ပင် အရေးကြီးသည်။

မြေသြဇာကို စနစ်တကျ သုံးစွဲခြင်းဆိုသည်မှာ အပင်လိုအပ်ချက်ထက် ပိုမိုသုံးစွဲခြင်းမဟုတ်ဘဲ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာကို ဟန်ချက်ညီညီ ပေါင်းစပ်အသုံးပြုခြင်းပင်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် မြေဆီလွှာ၏တန်ဖိုးနှင့် သြဇာဓာတ်ကို ရေရှည်ထိန်းသိမ်းနိုင်ကာ ကြံစိုက်တောင်သူများအတွက် ရေရှည်တည်တံ့သောပန်းတိုင်အထွက်နှုန်းကို ရရှိစေမည်ဖြစ်သည်။

**စိုက်ပျိုးထုတ်လုပ်နိုင်စွမ်း လျော့နည်းလာသည့် အဓိကအချက်**

ယနေ့ ကြံစိုက်ပျိုးမြေများ ပျက်စီးလာပြီး စိုက်ပျိုးထုတ်လုပ်နိုင်စွမ်း လျော့နည်းလာသည့် အဓိကအချက်မှာ ကြံသီးနှံတစ်မျိုးတည်းကိုနှစ်စဉ်ဆက်တိုက် စိုက်ပျိုးခြင်း၊ ဓာတ်မြေသြဇာများကို မျှတစွာအသုံးမပြုခြင်း၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ အသုံးပြုလာခြင်း၊ ကြံစိုက်ချိန်၊ ခုတ်သိမ်းချိန်တွင် စက်များ အလွန်အကျွံအသုံးပြုခြင်းတို့ဖြစ်သည်။

ထို့ကြောင့် မြေဆီလွှာကောင်းမွန်စေသည့် ထွန်ယက်စိုက်ပျိုးမှုပုံစံနှင့် သီးနှံပင်အကြွင်းအကျန်များ မြေတွင်းသို့ ပြန်လည်ထည့်သွင်းစိုက်ပျိုးခြင်း၊ အပေါ်ယံမြေသား တိုက်စားပျက်စီးဆုံးရှုံးခြင်းများကို ကာကွယ်ပေးခြင်း၊ သစ်ဆွေးဓာတ်များ လုံလောက်အောင် ထည့်သွင်းပေးခြင်း၊ မြေဆီလွှာအတွင်းရှိ အကျိုးပြုဇီဝသက်ရှိများနှင့် အပင်အာဟာရဓာတ်လှည့်ပတ်မှုပုံစံ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ မြေဆီလွှာ၏ မြေသားဖွဲ့စည်းတည်ဆောက်မှု ကောင်းမွန်စေရန်၊ လေဝင်လေထွက် ကောင်းမွန်စေရန်နှင့် ရေထိန်းစွမ်းအားမြင့်မားစေရန်အတွက် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ မျှတစွာ တွဲဖက်သုံးစွဲခြင်းကိုလည်း အလေးထား၍ ဆောင်ရွက်ရန် လိုအပ်ပါသည်။

ကြံစိုက်ပျိုးရာတွင် ဓာတ်မြေသြဇာအသုံးပြုရမည့်နှုန်းထားကို စိုက်ပျိုးသည့် မြေ၏အာဟာရဓာတ်ပါဝင်မှု၊ မြေချဉ်ငန်ပမာဏတို့အပေါ် မူတည်၍ ထည့်သွင်းပေးသင့်သည်။ မြေချဉ်ငန်ဓာတ်သည် ကြံပင်အာဟာရစုပ်ယူမှုကို များစွာသက်ရောက်မှုရှိသဖြင့် လိုအပ်ပါက ထုံး သို့မဟုတ် ကျောက်မှုန့်များကို သင့်တော်သလို ထည့်သွင်းပေးရပါသည်။

ကြံစိုက်ပျိုးရန် သင့်တော်သောမြေချဉ်ငန်ပမာဏမှာ ၅ ဒသမ ၅ – ၇ ဒသမ ၅ အတွင်းဖြစ်ပြီး ကြံပင်သည် မြေချဉ် (အက်စစ်ဓာတ်) လွန်ကဲခြင်းကို မကြိုက်သဖြင့် မြေချဉ်နေပါက ထုံး သို့မဟုတ် ကျောက်မှုန့်များဖြင့် ပြုပြင်ပေးရန် လိုအပ်သည်။ ထုံးသည် မြေကြီးထဲတွင် ပျော်ဝင်ပြီး အက်စစ်ဓာတ်ကိုချေဖျက်ရန် အချိန်ယူရသောကြောင့် သီးနှံမစိုက်ပျိုးမီ အနည်းဆုံးနှစ်လ – သုံးလအလို (မြေပြုပြင်ချိန်) တွင် ကြိုတင်ထည့်ပေးရန်နှင့် သမမျှတစွာဖြူးရန်၊ ထုံးသည် ရွေ့လျားရန်နှင့် ပျော်ဝင်ရန်ခက်ခဲသည့်အတွက် မြေအောက်နက်နက်ရောက်အောင် ထည့်ပေးရန် လိုအပ်သည်။

ကြံစိုက်ပျိုးမြေ၏ ချဉ်ငန်ပမာဏကို မြှင့်တင်ရန်အတွက် မြေဆီလွှာအမျိုးအစားပေါ်မူတည်၍ တစ်ဧကလျှင် စိုက်ပျိုးရေးသုံးထုံး ပိဿာ ၂၀၀ မှ ၅၀၀ ခန့် (ပျမ်းမျှ ပိဿာ ၃၀၀ ခန့်) ထည့်သွင်းရန် လိုအပ်ပြီး အကြိမ်ခွဲ၍ ထည့်သွင်းပေးနိုင်သည်။ အလားတူ ကျောက်မှုန့်သည်လည်း ကယ်လ်ဆီယမ်၏ အရင်းအမြစ်ဖြစ်၍ အော်ဂဲနစ်ပစ္စည်းများ တွယ်ကပ်သည့်လုပ်ငန်းစဉ်ကို အဓိကဆောင်ရွက်ပြီး မြေစိုင်ခဲကိုတည်မြဲစေခြင်းဖြင့် မြေသား တည်ဆောက်ပုံကောင်းစေသည်။ ကျောက်မှုန့်ကို ဆား/ဆပ်ပြာပေါက်မြေများတွင် အဓိကအသုံးပြုကြသော်လည်း ယင်းတွင် ကယ်လ်ဆီယမ်ဆာလ်ဖိတ်ပါဝင်သဖြင့် အာဟာရဖြည့်တင်းရန် ယခုအခါ မြေချဉ်များတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးလာကြပြီး မည်သည့်မြေတွင်မဆို ပုံမှန်အားဖြင့် တစ်တန် – နှစ်တန်/ဧက အသုံးပြုနိုင်သည်။

> **ကြံရွက်ခြောက်များကို သဘာဝမြေသြဇာပြုလုပ်ပြီး တစ်ဧကလျှင် နှစ်တန်နှုန်းခန့် ကြံစိုက်မြေများတွင် အသုံးပြုခြင်းဖြင့် မြေဆီလွှာ အဆင့်အတန်းနှင့် မြေ၏ဓာတု၊ ရူပအရည်အသွေး တိုးတက်လာကာ ကြံပင်ဖြစ်ထွန်းမှုကောင်းမွန်ခြင်းအပြင် စိုက်ခင်း၏ချဉ်ငန်ဓာတ်ကို ထိန်းပေးခြင်း၊ ရေထိန်းနိုင်စွမ်းကောင်းမွန်ခြင်းနှင့် ခြောက်သွေ့မှုဒဏ် ခံနိုင်ခြင်းတို့ကိုလည်း ရရှိစေနိုင်**

ကြံစိုက်မြေများတွင် နိုက်ထရိုဂျင် အခြေခံသော ဓာတ်မြေသြဇာများကို နှစ်ရှည်လများ အလွန်အကျွံသုံးစွဲခြင်းကြောင့် မြေဆီလွှာသည် အက်စစ်ဓာတ်လွန်ကဲပြီး အာဟာရဓာတ်စုပ်ယူနိုင်စွမ်း ကျဆင်းကာ အထွက်နှုန်းကျဆင်းမှုများကို တောင်သူအများစု ရင်ဆိုင်ကြုံတွေ့နေရသည့်အတွက် ကြံတစ်မျိုးတည်း အဓိကစိုက်သောမြေများတွင် ချဉ်ငန်ကိန်းကို နှစ်နှစ်–သုံးနှစ်တစ်ကြိမ် စစ်ဆေးပြီး ပြုပြင်သင့်သည်။

ကြံတစ်တန်ထွက်ရှိရန် မြေဆီလွှာထဲမှ အာဟာရဓာတ်စုပ်ယူမှုမှာ နိုက်ထရိုဂျင် ၂ ဒသမ ၂ ပေါင်၊ ဖော့စ်ဖရပ် ၁ ဒသမ ၃ ပေါင်နှင့် ပိုတက်ဆီယမ် ငါးပေါင်ဖြစ်သည့်အတွက် တန် ၃၀ ထွက်ရှိရန် နိုက်ထရိုဂျင် ၆၆ ပေါင်၊ ဖော့စ်ဖရပ် ၃၉ ပေါင်နှင့် ပိုတက်ဆီယမ် ပေါင် ၁၅၀ အပင်မှစုပ်ယူရရှိရန် လိုအပ်ရာ မြေကြီးထဲရှိ အာဟာရဓာတ်ပါဝင်မှုကို အခြေခံ၍တွက်ချက်ပြီး ထည့်သွင်းပေးရမည်။

ထည့်သွင်းရာတွင်လည်း အသုံးပြုရမည့် ပမာဏကို ကြံပင်ကြီးထွားမှုကာလအလိုက် လိုအပ်သည့်အာဟာရနှင့် ထည့်သင့်သည့်အချိုးအစားမှာ ကြံစိုက်ချိန်တွင် နိုက်ထရိုဂျင် ၁၀ ရာခိုင်နှုန်း၊ ဖော့စ်ဖရပ် ၁၀၀ ရာခိုင်နှုန်း၊ အပင်ပေါက်စုံချိန်တွင် ပိုတက်ဆီယမ် ၂၀ ရာခိုင်နှုန်း၊ အပင်ပွားစီးချိန်တွင် နိုက်ထရိုဂျင် ၄၅ ရာခိုင်နှုန်း၊ ပိုတက်ဆီယမ် ၄၀ ရာခိုင်နှုန်း၊ အပင်ကြီးထွားစပြုချိန် (ဘောင်လုံးချိန်) တွင် နိုက်ထရိုဂျင် ၄၅ ရာခိုင်နှုန်း၊ ပိုတက်ဆီယမ် ၄၀ ရာခိုင်နှုန်းဖြစ်သည်။ ဓာတ်မြေသြဇာထည့်သွင်းရာ၌ မိမိပတ်ဝန်းကျင်တွင်ရရှိနိုင်သည့် သဘာဝမြေသြဇာများနှင့် တွဲဖက်၍ ဓာတ်မြေသြဇာနှုန်းထားကို လျှော့ချသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်သက်သာပြီး မြေဆီလွှာနှင့် အထွက်နှုန်းအပေါ် ရေရှည်အကျိုးရှိစေမည်ဖြစ်သည်။

တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများထဲမှ ကြံစိုက်ပျိုးရာတွင် အသုံးများသောနွားချေးသည် တောင်သူအများစု၏ စိုက်ပျိုးသီးနှံများတွင် နှစ်များစွာကတည်းက အသုံးပြုလာခဲ့သော သဘာဝမြေသြဇာဖြစ်သည်။ နွားချေးကိုသုံးခြင်းဖြင့် မြေဆီလွှာ၏ ရုပ်၊ ဓာတုနှင့် ဇီဝဂုဏ်သတ္တိများကို ပြောင်းလဲတိုးတက်စေပြီး အသုံးပြုရာ၌ မြေပေါ်တွင် ပျံ့ပျံ့နှံ့နှံ့ဖြူး၍ မြေကြီးနှင့် ရောမွှေပေးသင့်ပြီး သီးနှံမစိုက်မီ (၁၅–၂၀) ရက်ကြိုတင်၍ ထည့်ပေးသင့်သည်။

နွားချေးထည့်ချိန်တွင် အကျိုးပြုအဏုဇီဝများ၏ လုပ်ဆောင်ချက်ကောင်းမွန်စေရန် မြေအတွင်း၌ အစိုဓာတ်လုံလောက်သင့်သည်။ မြေခြောက်တွင် မသုံးသင့်ပါ။ နွားချေးကို ကြံသီးနှံတွင် မြေပြင်ချိန်၊ စိုက်ပျိုးချိန်နှင့် အပင်ပြုစုချိန်များတွင် ဓာတ်မြေသြဇာနှင့် တွဲဖက်သုံးစွဲကြသည်။ သီးနှံအများစုတွင် ပုံမှန်နွားချေးနှုန်းထားမှာ တစ်တန်–နှစ်တန်/ဧက ဖြစ်ကာ ကြံသီးနှံတွင် ၅ – ၁၀ တန်/ဧကထိ အသုံးပြုနိုင်ပြီး ထိရောက်မှုရှိစေရန် ကောင်းစွာဆွေးမြည့်သောအမှုန့်ဖြစ်သင့်သည်။

တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများရရှိရန် မလွယ်ကူပါက သကြားစက်ရုံများ၏ ဘေးထွက်ပစ္စည်းဖြစ်သောကြံမြှုပ်ချေးကို သဘာဝမြေသြဇာအဖြစ် ဓာတ်မြေသြဇာနှင့် တွဲဖက်အသုံးပြုနိုင်သည်။ ကြံမြှုပ်ချေးတွင် နိုက်ထရိုဂျင် (၁ ဒသမ ၄ ရာခိုင်နှုန်း)၊ ဖော့စ်ဖရပ်(၂ ဒသမ ၀၃ ရာခိုင်နှုန်း)၊ ပိုတက်ရှ် (သုည ဒသမ ၂၂ ရာခိုင်နှုန်း)၊ ကယ်လ်ဆီယမ် (၅ ဒသမ ၇၃ ရာခိုင်နှုန်း) နှင့် သစ်ဆွေးဓာတ် (၄၉ ဒသမ ၁၆ ရာခိုင်နှုန်း)ပါဝင်ပြီး သဘာဝမြေသြဇာအနေဖြင့် ကြံစိုက်ပျိုးမြေများတွင် သုံးတန်–ခြောက်တန်/ ဧက အသုံးပြုနိုင်သည်။ ကြံမြှုပ်ချေးကို ကြံကြိတ်ပြီးပြီးချင်းအချိန် ချက်ချင်းအသုံးမပြုဘဲ ကြိုတင်စုဆောင်းသိုလှောင်ကာ အပူဓာတ်မရှိသည့်အချိန်မှစ၍ အသုံးပြုရမည်။

သဲဆန်သောမြေအားစေးစေခြင်း၊ စေးလွန်းသောမြေအားဖွယ်စေခြင်း စသည့် ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိများကို တိုးတက်စေနိုင်သည်။ ကြံမြှုပ်ချေးတွင်ပါဝင်သည့် နိုက်ထရိုဂျင်၊ ဖော့စ်ဖရပ်၊ ပိုတက်ဆီယမ်ကို ဖြည်းညင်းစွာထုတ်ပေးသည့်အတွက် လေလွင့်ဆုံးရှုံးမှုနည်းပါးစေသည်။ ကြံမြှုပ်ချေးသည် ကောင်းစွာဆွေးမြည့်ချိန်တွင် အကောင်းဆုံး သဘာဝမြေသြဇာထုတ်ကုန်တစ်ခုဖြစ်သည်။

တစ်ကြိမ်သုံးခြင်းထက် ဆက်တိုက်အသုံးပြုပါက အော်ဂဲနစ်ကာဗွန်ပမာဏတက်လာနိုင်ပြီး သုံး–လေးရာသီသုံးပြီးချိန်တွင် အော်ဂဲနစ်ကာဗွန် သိသာစွာ တက်ကြောင်း တွေ့ရသည်။ ဆွေးမြည့်ထားသော ကြံမြှုပ်ချေး ၂၈ ပေါင်၊ ယူရီးယား ၁၂ ပေါင်၊ တီစူပါ ငါးပေါင်၊ ပိုတက်ရှ် သုံးပေါင်၊ ကျောက်မှုန့် ရှစ်ပေါင် တို့နှင့်ရောစပ်၍ ကြံမြှုပ်ချေးအခြေခံမြေသြဇာ (ဘိုင်အိုကွန်ပိုဇာ)အဖြစ် ပြုလုပ်ပြီး ကြံစိုက်ခင်းများတွင် ၂၅ ကီလိုဂရမ်ပါ လေးအိတ်–ရှစ်အိတ်/ဧကဖြင့် ဓာတ်မြေသြဇာနှင့်ရောစပ်၍ ဓာတ်မြေသြဇာနှုန်းထားကို လျှော့ချသုံးစွဲနိုင်သည်။

အချို့သကြားစက်ရုံများသည် စက်ရုံမှထွက်ရှိသော ကြံမြှုပ်ချေးကို သဘာဝအတိုင်း တောင်သူများသို့ ပြန်လည်ဖြန့်ဖြူးပေးလျက်ရှိပြီး အချို့စက်ရုံများသည် ကြံမြှုပ်ချေးကို အာဟာရဓာတ်များဖြည့်စွက်၍ ပြန်လည်ပြုပြင်ပြီး ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့ပြင် ကြံပင်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ကြံရွက်ခြောက်များကို မြေဆွေးပြုလုပ်၍ ကြံစိုက်ခင်းတွင်အသုံးပြုခြင်းဖြင့်လည်း မြေဆီလွှာဖွံ့ဖြိုးလာမှုကို အထောက်အကူဖြစ်စေသည်။ ကြံသီးနှံတစ်ဧကမှ ကြံရွက်ခြောက် ခြောက်တန်–ရှစ်တန်အထိ ထွက်ရှိသည်။ ကြံရွက်ခြောက်များတွင် အော်ဂဲနစ်ကာဗွန် (၂၈ ဒသမ ၆ ရာခိုင်နှုန်း)၊ နိုက်ထရိုဂျင် (သုည ဒသမ ၃၅ – သုည ဒသမ ၄၂ ရာခိုင်နှုန်း)၊ ဖော့စ်ဖရပ် (သုည ဒသမ ၀၄– သုည ဒသမ ၁၅ ရာခိုင်နှုန်း)နှင့် ပိုတက်ဆီယမ် (သုည ဒသမ ၅၀ – သုည ဒသမ ၆၅ ရာခိုင်နှုန်း)ထိနှင့် သစ်ဆွေးဓာတ်မှာ ၄၀ ရာခိုင်နှုန်းခန့်အထိ ပါဝင်ပါသည်။

နှစ်စဉ် မြန်မာနိုင်ငံတစ်ဝန်း ကြံစိုက်ဧကလေးသိန်းကျော်မှထွက်ရှိသော ကြံရွက်ခြောက် တန်ချိန် ၂၅ သိန်းခန့်တွင် များပြားလှသော အာဟာရဓာတ်ပမာဏများပါဝင်နေသော်လည်း အဆိုပါ ကြံရွက်ခြောက်များကို ပြန်လည်အသုံးပြုသော အလေ့အထမရှိဘဲ မီးရှို့လေ့ရှိရာ အာဟာရတန်ချိန်များစွာ ဆုံးရှုံးသွားသလိုမီးခိုးငွေ့များကြောင့် ပတ်ဝန်းကျင်နှင့်လူသားများကို ထိခိုက်စေသည်။ **စာမျက်နှာ ၁၇ သို့**

စာမျက်နှာ ၁၇ သို့



## ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ကျောက်ဆည် စက်တင်ဘာ ၁၈

ကျောက်ဆည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၁၉ ဒသမ ၅၁ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကျောက်ဆည်-တံတားဦးလမ်းမှ ညောင်ရွှေ-ကြက်လျှာလမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ယမန်နေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

မှာကြား

ထိုသို့စစ်ဆေးရာတွင်မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)က ကတ္တရာလမ်းခင်းရာတွင် အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး မှာကြားသည်။

အဆိုပါ ကတ္တရာလမ်းပြီးစီးပါက ကျေးရွာသုံးရွာမှ ပြည်သူ ၁၆၀၀ တို့၏ သွားလာရေးလုပ်ငန်းများတွင် အဆင်ပြေချောမွေ့သွားမည်ဖြစ်ကြောင်းနှင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်ကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ကျောက်ချောလမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေး

သာစည် စက်တင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မိတ္ထီလာ-တောင်ကြီးလမ်းမှ ဇီးပင်ပေါက်လမ်းပိုင်း ကျောက်ချောလမ်းခင်းခြင်းဆောင်ရွက်နေမှုကို ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၄၉ ဒသမ ၆၃၃ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အဆိုပါ လမ်းအရှည် (၀/၄)မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## ရန်ကုန်မြို့ အမျိုးသားပြတိုက်သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀၀ ခန့်နှင့် ဆရာ ဆရာမများသည် စက်တင်ဘာ ၁၃ ရက်တွင် ရန်ကုန်မြို့ အမျိုးသားပြတိုက်သို့ လာရောက်လေ့လာကြသည်။

ထိုသို့သွားရောက်လေ့လာစဉ် အမျိုးသားပြတိုက်မှ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား အမျိုးသားပြတိုက်၏ သက်တမ်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြခန်းများအကြောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

**(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်လင်းခိုင်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စက်တင်ဘာ ၁၈ ရက် နံနက် ၇ နာရီတွင် မြို့နယ်ပြည်သူ့ဆေးရုံဝင်း အတွင်း/အပြင်ရှိ သစ်ပင်၊ သစ်ကိုင်းများ၊ ချုံနွယ်၊ မြက်ပင်များနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများကို စုပေါင်းရှင်းလင်းဆောင်ရွက်စဉ်။**

ခင်ခင်မာ(ပြန်/ဆက်)



❖ ၂၃၀ မှ

ကြိုးလွန်းပွမှုဖြစ်ပေါ်နေသော ကြိုးများအား အစားထိုးလဲလှယ်ခြင်း လုပ်ငန်းကို စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ ဓာတ်အားပိတ်ဆောင်ရွက်စဉ် တောင်သာမြို့၊ မြင်းခြံမြို့၊ နွားထိုးကြီးမြို့တို့ရှိ အချို့ရပ်ကွက်နှင့် ကျေးရွာများ၊ စက်ရုံ/အလုပ်ရုံများ အချိန်လေးနာရီကြာခန့် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

